# ဇွန်လ ၂၀၁၈ ခုနှစ်၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ ဇွန်လကုန်တွင် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခံထားရသူ ၂၄၅ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၃၉ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၄၈ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၁၅၈ ဦးသည် ထောင်ပြင်ပမှနေ၍ တရား ရင်ဆိုင်နေရသည်။




ဓာတ်ပုံ Ko Doe Gyi Facebook
ဇွန်လ ၂၀၁၈ ခုနှစ်

Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

အင်တာနက်စာမျက်နှာ | တွစ်တာစာမျက်နှာ | လူမှုကွန်ရက်စာမျက်နှာ

# မာတိကာ

**နိုင်ငံရေးအကျဉ်းသားများ ........................................ 3**

ဖမ်းဆီးခံရခြင်းများ ........................................ 3

တရားစွဲဆိုခံရခြင်းများ ........................................ 3

ထိန်းသိမ်းခံရခြင်းများ ........................................ 4

တရားရင်ဆိုင်ရခြင်းများ ........................................ 4

ထောင်ဒဏ်ချမှတ်ခံရခြင်းများ ........................................ 6

ထောင်တွင်းအခြေအနေများ ........................................ 7

**နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ ........................................ 9**

လယ်ယာမြေအငြင်းပွားမှုများ ........................................ 3

**အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links ........................................** Error! Bookmark not defined.

# နိုင်ငံရေးအကျဉ်းသားများ

## • ဖမ်းဆီးခံရခြင်းများ

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးကို ဝေဖန်သူ ဖမ်းဆီးခြင်းခံရ**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေကို လူမှုကွန်ရက်စာမျက်နှာတွင် ဝေဖန်ပုတ်ခတ်ခြင်း၊ ဒေါက်တာအေးမောင်၏ အမှုရုံးချိန်းများတွင် ပြောဆိုချက်များအတွက် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ရေး ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ရေး ဥပဒေ ပုဒ်မ ၁၀၊ ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲဆိုခြင်းခံထားရသော စစ်တွေမြို့မှ ဦးအောင်သန်းဝေကို စစ်တွေမြို့မရဲစခန်းမှ ဇွန်လ ၂၁ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား အတွင်းရေးမှူး ဦးတင်မောင်ဆွေမှ လက်မှတ်ထိုး တရားစွဲ ဆိုခြင်းဖြစ်ပြီး အာမခံပေးခြင်းလည်းမရှိဟု ဖမ်းဆီးထိန်းသိမ်းခြင်း ခံထားရသူ ဦးအောင်သန်းဝေမှ ပြောကြားခဲ့သည်။

## • တရားစွဲဆိုခံရခြင်းများ

**အမှုဖွင့် တရားစွဲဆိုခြင်းခံရသော ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အာမခံရ**

ရခိုင်ပြည်နယ်၏ ပညာရေးကဏ္ဍကို ဝေဖန်ရေးသားခဲ့မှုကြောင့် ဆက်သွယ်ရေးဥပဒေပုဒ်မ၆၆(ဃ)ဖြင့် အမှုဖွင့်ခြင်းခံထားရသော ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမောင်ဦးသည် ဇွန်လ ၈ ရက်နေ့တွင် စစ်တွေမြို့ အမှတ်(၁) မြို့မရဲစခန်းသို့ ကိုယ်တိုင်သွားရောက်၍ ဖမ်းဆီးခြင်းခံခဲ့သည်။ စစ်တွေမြို့မရဲစခန်းမှ ဦးသန်းမောင်ဦး၏ လက်ကိုင်ဖုန်းကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့ပြီး ၎င်းကို အာမခံဖြင့် ပြန်လွှတ်ပေးခဲ့သည်။ ဇွန်လ ၂ ရက်နေ့တွင် ဦးသန်းမောင်ဦးသည် ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရခိုင်ပြည်နယ်၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးစသည်တို့ကို ဝေဖန်ရေးသားခဲ့သည်။ ထိုကိစ္စအပေါ် ရခိုင်ပြည်နယ် ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ထွန်းလှမှ တက္ကသိုလ်ဝင်တန်းအောင်ချက် ရာခိုင်နှုန်း မှားယွင်းရေးသားခဲ့သည့် အတွက်ဟုဆိုကာ ဇွန်လ ၄ ရက်နေ့တွင် ဦးသန်းမောင်ဦးကို အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

**ပြည်မြို့နယ်တရားသူကြီးအမည်တပ်၍ ကြွေးကြော်ဆန္ဒပြသူ အမှုဖွင့်ခံရ**

ပြည်မြို့နယ်တရားရုံးရှေ့တွင် တရားသူကြီးများ၏ အမည်နာမတပ်ကာ ကြွေးကြော်သံဖြင့် ဆန္ဒပြခဲ့ခြင်းအတွက် ဇွန်လ ၁၃ ရက်နေ့တွင် ပြည်မြို့ဒေသခံ ဦးဂင်းလှိုင်သည် နိုင်ငံသားများ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်ခွင့်နှင့် လုံခြုံမှုဆိုင်ရာကာကွယ်သည့် ဥပဒေပုဒ်မ ၁၀ ဖြင့် အမှုဖွင့်ခြင်းခံခဲ့ရသည်။ ဦးဝင်းလှိုင်ကို ပြည်မြို့နယ် ဒုတိယတရားသူကြီး ဒေါ်ဇူဇန်မင်းမှ ၎င်း၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် လုံခြုံမှုဆိုင်ရာ ထိခိုက်ခြင်းအတွက် တရားလိုပြုလုပ်၍ တိုင်ကြားသဖြင့် ဇွန်လ ၁၄ ရက်နေ့တွင် အမှုဖွင့်အရေးယူထားသည်ဟု ပြည်မြို့ အမှတ် (၁) ရဲစခန်းမှူး ရဲအုပ်အောင်လှိုင်ဂင်းမှ ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဇန်နဂါရီလမှ စတင်၍ ဦးဂင်းလှိုင်သည် တရားဥပဒေစိုးမိုးရေးအတွက် ရည်ရွယ်၍ ပြည်မြို့နယ်တရားရုံးရှေ့တွင် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဥပဒေအရာရှိများ၊ တရားသူကြီးများကို အမည်နာမတပ်ကာ တစ်ကိုယ်တော်ဆန္ဒပြခဲ့သူ ဖြစ်သည်။

**စစ်ပွဲရှောင်ပြည်သူများအတွက် ဦးဆောင်အလှူခံသူ လေးဦး ဒေသန္တရ ပုဒ်မဖြင့် တရားစွဲဆိုခံရ**

ကချင်ပြည်နယ်တွင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများနှင့် စစ်ပွဲရှောင်ပြည်သူများအတွက် အလှူခံခဲ့သည့် အလုပ်သမားအရေး ဆောင်ရွက်သူ ကိုနိုင်ဇော်ကြည်ဝင်းအပါအဝင် လေးဦးသည် ဒေသန္တရပုဒ်မ ၁၈၈ ဖြင့် တရားစွဲဆိုခြင်းခံထားရသည်။ မေလ ၂ ရက်နေ့တွင် ကိုနိုင်ဇော်ကြည်ဝင်း၊ ကိုမျိုးစောအပါအဝင် တက်ကြွလှုပ်ရှားသူ လေးဦးမှ ဦးဆောင်၍ လူလေးဆယ်ခန့်ဖြင့် ကမာရွတ် မြို့နယ်၊ လှည်းတန်းစင်တာရှေ့တွင် အလှူခံခြင်း၊ ၎င်းတို့၏ သဘောထားဆန္ဒနှင့် လိုအပ်ချက်များကို ဖော်ထုတ်ပြသပြောကြားခြင်း တို့ကြောင့် ၎င်းတို့ကို ကမာရွတ်မြို့နယ်အုပ်ချုပ်ရေးမှူးမှ ကမာရွတ်မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားကာ တရားစွဲဆိုခဲ့ ခြင်းဖြစ်သည်။ ကမာရွတ်မြို့မရဲစခန်းတွင် လာရောက်ထွက်ဆိုချက်ပေးရန် ကိုနိုင်ဇော်ကြည်ဝင်း တစ်ဦးတည်း

သာ ဆင့်ခေါ်စာရရှိသောကြောင့် ဇွန်လ ၂၆ ရက်နေ့တွင် ၎င်းသည် ရဲစခန်းသို့ သွားရောက်ခဲ့သည်။

**ပုသိမ်ကြီးမြို့နယ်မှ ဆန္ဒပြအမျိုးသမီး ငါးဦးကို နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ဖမ်းဆီး တရားစွဲဆို**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဇီးအုပ်ကွက်သစ်အတွင်း အသစ်ဆောက်လုပ်နေထိုင်သော ကျူးကျော်နေအိမ်များကို အစိုးရမှ ဖျက်သိမ်းခြင်းအား ကန့်ကွက်ဆန္ဒပြခဲ့သူများ အနက်မှ အမျိုးသမီး ငါးဦးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးမှ တရားလိုပြုလုပ်၍ နိုင်ငံတော် အကြည်ညိုပျက်စေမှုဖြင့် ဇွန်လ ၂၇ ရက်နေ့တွင် တရားရုံးသို့ ဦးတိုက်လျှောက်ထားကာ တရားစွဲဆိုခဲ့သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဇီးအုပ်ကွက်သစ်အတွင်း ကျူးကျော်အဆောက်အအုံများ အသစ်ထပ်မံ မဆောက်လုပ်ကြရန် တားမြစ်ခဲ့သော်လည်း ဆက်လက်ဆောက်လုပ်မှုများရှိနေသည့်အတွက် ဇွန်လ ၂၆ ရက်နေ့မှ စတင်ကာ ယင်းအဆောက်အအုံများကို စည်ပင်သာယာရေး ကော်မတီနှင့် ပူးပေါင်း၍ ဖြိုချဖျက်ဆီးခဲ့သည်။ သို့ဖြစ်၍ ဒေသခံတချို့မှ ကျူးကျော်မဟုတ်ဘဲ ကျူးကျော်ဟုဆိုကာ ဖျက်ဆီးနေသည့် အာဏာပိုင်များကို ဆန့်ကျင်ကြောင်း ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့ရာ ထိုသို့ပြုလုပ်သူများအနက်မှ အမျိုးသမီး ငါးဦးကို ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးမှ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

## • ထိန်းသိမ်းခံရခြင်းများ

**Myanmar Now သတင်းထောက်သုံးဦး ခေတ္တထိန်းသိမ်းခြင်းခံရ**

ဇွန်လ ၂၃ ရက်နေ့တွင် ကလေးစစ်သားအဖြစ် စုဆောင်းခြင်းခံထားရသော အကြားအာရုံမသန်စွမ်းသူတစ်ဦးဖြစ်သူ မောင်သက်မင်းပိုင် နှင့်ပတ်သက်၍ သတင်းယူနေစဉ် Myanmar Now သတင်းထောက်သုံးဦးဖြစ်သော မကေဇွန်နွေး၊ မဝင်းနန္ဒာနှင့် မောင်ဖြိုးသီဟချိုတို့သည် ခေတ္တ ထိန်းသိမ်းထားခြင်းခံခဲ့ရသည်။

ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ သမင်ခြံကျေးရွာဇာတိ အသက် ၁၆ နှစ်ရှိ မောင်သက်မင်းပိုင်သည် ထားဝယ်မြို့ရှိ ရော်ဘာခြံ တစ်ခြံတွင် အလုပ်လုပ်နေစဉ် လွန်ခဲ့သည့် သုံးလခန့်က စတင်၍ အစ်ကိုဖြစ်သူနှင့်အတူ တပ်သားသစ်အဖြစ် စုဆောင်းခြင်းခံခဲ့ရသည်။ ၎င်းတို့၏မိခင်ဖြစ်သူသည် သူမ၏သားနှစ်ဦး အနောက်တောင်တိုင်းစစ်ဌာနချုပ်ရုံးစိုက်ရာ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ တပ်မတော် လေ့ကျင့်ရေးတပ်သို့ ရောက်ရှိနေသည်ဟု သိရှိခဲ့ရသဖြင့် ဇွန်လ ၁၀ ရက်နေ့တွင် သွားရောက်တွေ့ဆုံသည့်အခါ သင်တန်း ကာလမပြီးဆုံးသေးသဖြင့် သင်တန်းဆင်းပြီးမှသာ အသနားခံစာတင်၍ ပြန်လည်ခေါ်ယူရနိုင်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟု ပြောကြားခဲ့သည်။

သတင်းထောက်သုံးဦးဖမ်းဆီးခြင်းခံရမည့်နေ့တွင် ၎င်းတို့သည် အမှတ် ၈ တပ်မတော် လေ့ကျင့်ရေးကျောင်းအပြင်ဘက်တွင် မောင်သက်မင်းပိုင်၏ မိသားစုဝင်များကို တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့ပြီး ဓာတ်ပုံရိုက်ခဲ့သည်။ ညနေ သုံးနာရီဝန်းကျင်ခန့်တွင် ၎င်းတို့သည် မောင်သက်မင်းပိုင်၏ မိသားစုဝင်များနှင့်အတူ လေ့ကျင့်ရေးကျောင်းအတွင်းသို့ ဝင်ရောက်ခဲ့သည်။ မောင်သက်မင်းပိုင်၏ မိသားစုဝင်များသည် ယင်းနေ့တွင် မောင်သက်မင်းပိုင်ကို တွေ့ဆုံရန် ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်သည်။ စစ်ဘက်ဆိုင်ရာအရာရှိများမှ သတင်းထောက် သုံးဦးအား ဖမ်းဆီး ထိန်းသိမ်းခဲ့ပြီး စစ်ဆေးမေးမြန်းခဲ့သည်။ ၎င်းတို့ ထိန်းသိမ်းခြင်းခံခဲ့ရပြီးနောက် ညနေ ၅း၁၅ ထိတိုင်အောင် မည်သူနှင့်မျှ ဆက်သွယ်ခွင့်မရရှိခဲ့ပါ။ Myanmar Now သတင်းဌာနမှ မြန်မာစာနယ်ဇင်းကောင်စီ၊ ပြန်ကြားရေး ဒုဝန်ကြီးနှင့် နိုင်ငံတော် အတိုင်ပင်ခံရုံးညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ကို ဆက်သွယ်ခဲ့သည်။ ညနေငါးနာရီခွဲဝန်းကျင်တွင် သတင်းထောက်သုံးဦးသည် ပြန်လည်လွတ်မြောက်လာခဲ့သည်။ စစ်ထောက်လှမ်းရေးမှ ၎င်းတို့အား နိုင်ငံတော် လျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် တရားစွဲဆိုမည်ဟု ခြိမ်းခြောက်ခဲ့သည့်ပြင် ၎င်းတို့ကို ခေတ္တထိန်းသိမ်းထားခြင်းအား မီဒီယာများအား ဖွင့်ဟခြင်းမပြုရန် ကတိတောင်းခံခဲ့သည်ဟု သတင်းထောက် သုံးဦးမှ ပြောကြားခဲ့သည်။

## • တရားရင်ဆိုင်ရခြင်းများ

**ရိုက်တာသတင်းထောက်နှစ်ဦး ဆက်လက် တရားရင်ဆိုင်**

ရိုက်တာသတင်းထောက်နှစ်ဦးတို့ တရားရင်ဆိုင်နေရသည်မှာ ခြောက်လကြာမြင့်ပြီးနောက် ဇူလိုင်လ ၂ ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံးမှ ၎င်းတို့နှစ်ဦးကို နိုင်ငံတော်လျှို့ဝှက်ချက်များအက်ဥပဒေဖြင့် စွဲချက်တင်သင့်၊ မတင်သင့်ကို ဆုံးဖြတ်မည်ဖြစ်သည်။

ရိုက်တာသတင်းထောက်နှစ်ဦး၏အမှုတွင် တရားလိုနှင့် တရားလိုပြသက်သေ ၂၅ ဦးအနက် ၂၂ ဦးကို စစ်ဆေးခဲ့ပြီးဖြစ်သည်။ ထို့ပြင် ရဲတပ်ဖွဲ့မှ ထုတ်ပယ်ခြင်းခံထားရသော ရဲတပ်ကြပ်ကြီး ခင်မောင်လင်း အပါအဝင် သက်သေသုံးဦးကို တရားလိုပြသက်သေအဖြစ်မှ ပယ်ဖျက်ခဲ့သည်။

ဇွန်လ ၅ ရက်နေ့ တရားခွင်ကြားနာစစ်ဆေးမှုတွင် ရိုက်တာသတင်းထောက် နှစ်ဦး၏ ရှေ့နေများမှ သတင်းထောက်နှစ်ဦး၏

ဖုန်းထဲမှ ထိပ်တန်းလျှို့ဝှက်ချက်ဟုဆိုသည့် အချက်အလက်များသည် အများပြည်သူ သိရှိထားပြီးဖြစ်သော အချက်အလက်များဖြစ်သည်ဟု လျှောက်ထားခဲ့သည်။ အဆိုပါ အချက်အလက်များသည် အများပြည်သူ သိရှိပြီးသားဖြစ်သည်ကိုလည်း တရားရုံးမှ လက်ခံခဲ့သည်။ ထို့ကြောင့် ဖုန်းထဲ၌ တွေ့ရှိရသာ အချက်အလက်များတွင် အစိုးရ၏ လျှို့ဝှက်ချက်အစီအစဉ်များ ပါဝင်သည်ဟူ၍ အစောပိုင်း၌ တရားရုံးတွင် ထွက်ဆိုခဲ့သော သက်သေခံ ရဲတစ်ဦး၏ ထွက်ဆိုချက်နှင့် ကွဲလွဲဆန့်ကျင်နေသည်။ တရားလိုဘက်မှ နည်းပညာကျွမ်းကျင်သူ ရဲမှူးအောင်ကျော်ဆန်းမှ ၎င်းသည် သတင်းများကို ဖတ်ရှုခြင်းမရှိသောကြောင့် သိရှိခြင်းမရှိပါဟု ပြောကြားခဲ့သည်။

ဇွန်လ ၁၁ ရက်နေ့တွင် တရားလိုပြသက်သေအဖြစ် တရားရုံးတွင် လာရောက်ထွက်ဆိုသော ထောက်ကြံ့နယ်မြေရဲစခန်းစခန်းမှူး ဒုရဲမှူးမြင့်လွင်ကို အပြန်အလှန်စစ်ဆေးရေး နေစဉ်အတောတွင်း ရိုက်တာသတင်းထောက် နှစ်ဦးသည် အောင်သပြေစစ်ကြောရေးစခန်းထဲတွင် သူလျှိုဟုတ်မဟုတ် မေးမြန်းခြင်းခံခဲ့ရကာ သုံးရက်ဆက်တိုက် အိပ်ခွင့်ရရှိခြင်း မရှိဘဲ စစ်ဆေးမေးမြန်းခြင်းခံခဲ့ရပြီး ကိုကျော်စိုးဦးသည် သုံးနာရီကြာ ဒူးထောက်စစ်ဆေးခြင်း ခံခဲ့ရသည်ဟု ရိုက်တာ သတင်းထောက် နှစ်ဦး၏ ရှေ့နေ ဦးခင်မောင်ဇော်မှ လျှောက်ထားခဲ့သည်။ ထိုကဲ့သို့ လျှောက်ထားမှုကို ဒုရဲမှူးမြင့်လွင်မှ ငြင်းဆိုခဲ့ပြီး ရိုက်တာ သတင်းထောက်နှစ်ဦးကို ပဏာမစစ်ဆေးမှုပြီးသည့်တိုင် ထောက်ကြံနယ်မြေရဲစခန်းတွင် ချုပ်နှောင်ထားပြီးနောက် အမှုကို ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်ဟု ခုခံထွက်ဆိုခဲ့သည်။

ဇွန်လ ၁၈ ရက်နေ့တွင် ရိုက်တာသတင်းထောက်နှစ်ဦးကို ရုံးထုတ်စစ်ဆေးရာ၌ တရားလိုပြ သက်သေများအနက်မှ နောက်ဆုံးသက်သေ တစ်ဦးဖြစ်သော မှုခင်းတပ်ဖွဲ့ (CID) ရဲမှူးတင်ဝင်းမောင်ကို တရားလိုပြသက်သေအဖြစ် စစ်ဆေးခဲ့သည်။ ရိုက်တာသတင်းထောက်နှစ်ဦးကို ဖမ်းဆီးထားချိန်ကာလ၌ စစ်ဆေးနေချိန်အတောအတွင်း ရဲမှူး တင်ဝင်းမောင်၏ လုပ်ဆောင်ချက်များကို ပြန်လှန် စစ်ဆေးမေးမြန်းချိန်တွင် အဓိကထားမေးမြန်းခဲ့သည်။ ရဲမှူး တင်ဝင်းမောင်မှ သတင်းထောက်နှစ်ဦးကို အောင်သပြေစစ်ကြောရေးတွင် စစ်ဆေးခဲ့ခြင်းမရှိဟု ငြင်းဆိုခဲ့ပြီး ထာက်ကြံ့နယ်မြေ ရဲစခန်းတွင် စစ်ဆေးခဲ့သည်ဟု တရားရုံးတွင် ထွက်ဆိုခဲ့သည်။ မေးမြန်းစစ်ဆေးသူများသည် အထူးစုံစမ်းစစ်ဆေးရေးဌာနမှ အရာရှိများ၊ တပ်မတော်အရာရှိများ၊ ရဲအထူးဌာနခွဲနှင့် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာနမှ အရာရှိများဖြစ်သည်ဟု ကိုဝလုံးမှ ပြောကြားခဲ့သည်။

ရဲမှူးတင်ဝင်းမောင်သည် စစ်ဆေးမေးမြန်းချိန်အတွင်း တခြားသက်သေအားလုံး၏ ထွက်ဆိုချက်များကို မိတ္တူကူးခဲ့၍ ထိုလုပ်ဆောင်ချက်များသည် လိုက်နာရန် သတ်မှတ်ထားသော မြန်မာနိုင်ငံ၏ ရဲလက်စွဲပါအချက်များကို ချိုးဖောက်ခြင်းဖြစ်သည့် အတွက် ၎င်းသည် ယုံကြည်ထိုက်သော သက်သေမဟုတ်ဟု ရိုက်တာသတင်းထောက်နှစ်ဦး၏ ရှေ့နေဦးခင်မောင်ဇော်မှ ပြောကြားခဲ့သည်။ ရဲမှူး တင်ဝင်းမောင်မှ မိတ္တူကူးခြင်းသည် စစ်ဆေးရေးရာရှိတစ်ဦးအနေဖြင့် အမှုအကြောင်းကို ပိုမိုသိရှိလို၍ လုပ်ဆောင်ရခြင်း ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ရိုက်တာသတင်းထောက်နှစ်ဦးသည် ရခိုင်အရေးကို သတင်းရယူခြင်းအတွက် ဖမ်းဆီးခံရခြင်း မဟုတ်ဘဲ နိုင်ငံတော် လျှို့ဝှက်ချက်များ အက်ဥပဒေကို ချိုးဖောက်ခဲ့သောကြောင့် ဖမ်းဆီးခဲ့ရခြင်းဖြစ်သည်ဟု ဇွန်လ ၁၉ ရက်နေ့တွင် NHK ဂျပန်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာ၌ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ပြောကြားခဲ့သည်။ ၎င်းတို့နှစ်ဦးသည် ရခိုင်ပြည်နယ် အရေးကိစ္စအား သတင်းလိုက်ခဲ့သည့်အတွက် တရားစွဲခံနေရသည့်အကြောင်းကို နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်အား သိစေချင်သည်ဟု ကိုဝလုံးမှ ပြောကြားခဲ့သည်။

**ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို ရုံးပြောင်းစစ်ဆေးရန် ဆုံးဖြတ်**

ဇွန်လ ၂၆ ရက်နေ့တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးမှ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ ပုဒ်မ ၇ ဖြင့် တရားရင်ဆိုင်နေရသော ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို ဇွန်လ ၂၉ ရက်နေ့မှ စတင်၍ ဗိုလ်တထောင်မြို့နယ် တရားရုံးတွင် ရုံးပြောင်းစစ်ဆေးရန် ဆုံးဖြတ်ခဲ့သည်။ ကိုအောင်ကိုထွေးသည် နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅(ခ) ဖြင့် တရားရင်ဆိုင်ခဲ့စဉ်အတွင်း တရားရုံးကို အယုံအကြည် မရှိကြောင်းနှင့် တရားသူကြီးကို ဆဲဆိုခဲ့ပြီး တရားရုံးကို သပိတ်မှောက်ခဲ့ခြင်းကြောင့် ဒဂုံမြို့သစ်ဆိပ်ကမ်း မြို့နယ် တရားသူကြီး ဦးချစ်ကိုကိုမှ တရားလိုပြုလုပ်၍ ၎င်းကို တရားရုံး မထီမဲ့မြင်မှု ပုဒ်မ ၂၂၈ ဖြင့် တရားစွဲဆိုခဲ့ပြီး ဒုတိယမြို့နယ် တရားသူကြီး(၁) ဒေါ်ထက်ထက်အောင်မှ အမြင့်ဆုံး ထောင်ဒဏ် ခြောက်လ ချမှတ်ခဲ့သည်။ ထို့ကြောင့် လက်ရှိစစ်ဆေးနေသော ဒဂုံမြို့သစ်ဆိပ်ကမ်း မြို့နယ် တရားသူကြီး ဦးချစ်ကိုကိုနှင့် ကိုအောင်ကိုထွေးကြား မပြေလည်မှုများရှိခြင်းကြောင့် တရားမျှတမှုရရှိနိုင်ရန် ကိုအောင်ကိုထွေး၏ မိသားစုဝင်များမှ ရုံးပြောင်းလျှောက်ထားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ယနေ့အချိန်ထိ တပ်မတော်ဘက်မှ ကလေးစစ်သားကိစ္စကို ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ခြင်းမရှိဟု ကိုအောင်ကိုထွေးမှ ဇွန်လ ၁၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ တပ်မတော်မှ ကလေးစစ်သားကိစ္စနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပေးပါရန် ကိုလည်း တောင်းဆိုခဲ့သည်။ မတရားမှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံခဲ့ရခြင်းအကြောင်းများ

ကို ထုတ်ဖော်ပြောဆိုမည်ကို တပ်မတော်မှ ကြောက်လန့်နေသောကြောင့် ၎င်းကို ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်ဟု ကိုအောင်ကိုထွေးမှ ဆက်လက် ပြောကြားခဲ့သည်။

### ကချင် ဆန္ဒပြခေါင်းဆောင် သုံးဦး ဆက်လက်တရားရင်ဆိုင်

ကချင်ဆန္ဒပြခေါင်းဆောင် သုံးဦးဖြစ်သော ကိုလွမ်းဇောင်း၊ ကိုဇော်ဂျက် နှင့် ဒေါ်နန်ပူတို့၏အမှုကို ဇွန်လ ၁၈ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် တရားရုံး၌ ငါးကြိမ်မြောက် စစ်ဆေးခဲ့သည်။ ဧပြီလ ၃၀ ရက်နေ့တွင် ၎င်းတို့သည် ကချင်ပြည်နယ်တွင်း တိုက်ပွဲကြောင့် ပိတ်မိပြည်သူများ ဘေးကင်းလုံခြုံရာသို့ အမြန်ဆုံး ရောက်ရှိစေရေး၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လွတ်လပ်စွာ ရရှိစေရေး၊ ပိတ်မိပြည်သူများ လွတ်မြောက်ရေးအတွက် အစိုးရမှ အမြန်ဆုံး တာဝန်ယူပေးရေး စသည့်အချက်များကို မြစ်ကြီးနားမြို့ မနောကွင်းတွင်း သပိတ်စခန်းဖွင့်၍ ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့ခြင်းအတွက် မေလအတွင်းတွင် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။

မြစ်ကြီးနားမြို့နယ်တရားရုံးမှ အမှုကို ဇူလိုင်လ ၂ ရက်နေ့တွင် ထပ်မံစစ်ဆေးရန် ချိန်းဆိုခဲ့သည်။

### ဒေါက်တာအေးမောင်နှင့် ကိုဝေဟင်အောင်တို့၏ အမှုကို စစ်တွေခရိုင် တရားရုံးတွင် စစ်ဆေးရန် ဆုံးဖြတ်

ဇွန်လ ၂၀ ရက်နေ့တွင် စစ်တွေခရိုင်တရားရုံးမှ ဒေါက်တာ အေးမောင်နှင့် ကိုဝေဟင်အောင်တို့ ရင်ဆိုင်နေကြရသော မတရားအသင်း ဆက်သွယ်မှု၊ နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ နိုင်ငံတော်ပုန်ကန်မှုတို့ကို စစ်တွေခရိုင် တရားရုံးတွင် တစ်ပေါင်းတည်း စစ်ဆေးရန် ဆုံးဖြတ်ခဲ့သည်။ ၎င်းတို့နှစ်ဦးသည် မတရားအသင်းဆက်သွယ်မှုနှင့် နိုင်ငံတော်အကြည်ညိုပျက်စေမှုတို့ကို စစ်တွေမြို့နယ် တရားရုံးတွင်လည်းကောင်း၊ နိုင်ငံတော်ပုန်ကန်မှုကို စစ်တွေခရိုင်တရားရုံးတွင်လည်း တရားရင်ဆိုင် နေကြရသည်။ ထို့ကြောင့် ၎င်းတို့၏ ရှေ့နေ များမှ အမှုသုံးမှုလုံးသည် အကြောင်းခြင်းရာနှင့် သက်သေများတူညီနေသည့်အတွက် တစ်ပေါင်းတည်း စစ်ဆေးရန် မတ်လအတွင်းတွင် စစ်တွေခရိုင် တရားရုံး၌ လျှောက်ထားခဲ့ကြခြင်းဖြစ်သည်။ ဇွန်လ ၂၇ ရက်နေ့တွင် တရားလိုပြရှေ့နေများ ကို စစ်ဆေးသွားမည်ဖြစ်သည်။

### စစ်ပွဲရပ်တန့်ရေးဆုတောင်းသူ နှစ်ဦး၏အမှုကို အပြီးသတ်အမိန့်ချရန် ထပ်မံရက်ချိန်း

တိုင်းရင်းသားဒေသများတွင် ထိုးစစ်များရပ်ဆိုင်းရန်နှင့် စစ်နယ်မြေအတွင်း ပိတ်မိနေသော ပြည်သူများ အမြန်ဆုံးလွတ်မြောက်ရန် ဖယောင်းတိုင်ထွန်းညှိ ဆုတောင်းမှုတွင်ပါဝင်ခဲ့ခြင်းအတွက် မေလ ၁၂ ရက်နေ့ကတည်းက ဖမ်းဆီး၊ ထိန်းသိမ်းခြင်းခံထားရပြီး ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် (ငြိမ်း၊စု၊စီ) ဥပဒေ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခြင်းခံထားရသော ဗကသ ဗဟိုကော်မတီဝင်ဟောင်း ကိုသန်းထိုက်၊ ဗကသအဖွဲ့ချုပ်မှ ကိုနှင်းအောင်တို့ကို ဇူလိုင်လ ၅ ရက်နေ့တွင် အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်သည်။ ဇွန်လ ၂၇ ရက်နေ့ရုံးချိန်းတွင် ၎င်းတို့ကို အမိန့်ချမှတ်မည် ဖြစ်သော်လည်း စွပ်စွဲခံရသူများအား နောက်ဆုံးလျှောက်လဲချက်တင်ပြနိုင်ရန်နှင့် တရားစွဲအဖွဲ့အစည်းဘက်မှ နောက်ဆုံးအပြီးသတ် လျှောက်လဲနိုင်ရန် အခွင့်အရေးပေးသည့်အနေဖြင့် ရုံးချိန်း ထပ်မံချိန်းဆိုခဲ့ခြင်း ဖြစ်သည်ဟု အောင်မြေသာစံမြို့နယ် တရားသူကြီး ဦးဝင်းမင်းထွန်းမှ ရှင်းပြခဲ့သည်။

ကိုသန်းထိုက်နှင့် ကိုနှင်းအောင်တို့သည် တရားစီရင်ရေးကို အယုံအကြည်မရှိဟုဆိုကာ တရားရုံးအား သပိတ်မှောက်ထားကြပြီး တရားသူကြီး၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းမရှိသလို တရားခွင်၌ ကျောပေးထိုင်ခဲ့သည်။

## • ထောင်ဒဏ်ချမှတ်ခံရခြင်းများ

### ရခိုင်ပြည်နယ် ကျောင်းဆရာမတစ်ဦး ပြစ်ဒဏ်ချမှတ်ခံရ

ခရီးသွားလာခွင့်လက်မှတ် ပါရှိခြင်းမရှိဘဲ ခရီးသွားလာခဲ့ခြင်း အတွက် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်မှ ကျောင်းဆရာမ မလှဖြူသည် မေလ ၂၆ ရက်နေ့တွင် တောင်ကုတ်မြို့နယ်၌ ဖမ်းဆီးခြင်းခံခဲ့ရသည်။ မလှဖြူသည် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်ရှိ ကျောက်တလုံး စစ်ဘေးရှောင်ဒုက္ခသည်စခန်းမှ ရန်ကုန်သို့ သွားရောက်ရန် ကြိုးစားသည့်အတွက် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ မလှဖြူသည် ရှေ့နေငှားရမ်းခွင့် မရရှိဘဲ လူဝင်မှုကြီးကြပ်ရေးဥပဒေ ပုဒ်မ ၆(၂) နှင့် ၆(၃)ဖြင့် မေလ ၂၈ ရက်နေ့တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်နှစ် ချမှတ်ခြင်းခံခဲ့ရသည်။

### ပြင်ဦးလွင်တရားရုံးမှ ဒေသခံတောင်သူ ၁၀ ဦးအနက် ခုနစ်ဦးအား အမှုမှ တရားရှင်လွှတ်ပေးခဲ့ပြီး ကျန်သုံးဦးကို စွဲချက်တင် အမိန့်ချ

ဇွန်လ ၁၄ ရက်နေ့ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တရားရုံးမှ တရားစွဲဆိုခြင်းခံထားရသော တောင်သူ ၁၀ ဦးအနက် မြေယာအရေး တက်ကြွလှုပ်ရှားသူ တစ်ဦးနှင့် ဒေသခံတောင်သူ နှစ်ဦးကို ပုဒ်မ ၄၄၇၊ ၄၂၇ တို့ဖြင့် စွဲချက်တင် အမိန့်ချမှတ်ခဲ့ပြီး ကျန်တက်ကြွလှုပ်ရှားသူနှစ်ဦးနှင့် ဒေသခံတောင်သူငါးဦးတို့ကို တရားရှင်လွှတ်ပေးခဲ့သည်။ ၂၀၁၆ ခုနစ်

တွင် ပြင်ဦးလွင်မြို့နယ်၊ စေတလုံးကျေးရွာရှိ တောင်သူများသည် စီမံကိန်းပြုလုပ်ခြင်းမရှိသော လစ်လပ်လျက်ရှိသည့် သိမ်းဆည်းခံမြေများပေါ်တွင် ဝင်ရောက် ထွန်ယက်ခဲ့ခြင်းအတွက် ကော်ဖီစီမံကိန်းတာဝန်ခံမှ တရားလိုပြုလုပ်၍ ၎င်းတို့အား ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၄၄၇၊ မြေလွတ်မြေရိုင်းဥပဒေ ပုဒ်မ ၂၆၊၂၇ တို့ဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့သည်။ ၁၉၉၆ ခုနှစ်ဝန်းကျင်တွင် ကော်ဖီစီမံကိန်းပြုလုပ်ရန်အတွက် စေတလုံးကျေးရွာရှိ ဒေသခံတောင်သူများ လုပ်ကိုင်ခဲ့ကြသည့် ယာမြေဧက ၁၀၀၀ ကျော်ခန့်အား သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

### မြစ်ကြီးနားမြို့နယ် တရားရုံးမှ ဆုတောင်းပွဲဦးဆောင်သူတစ်ဦးကို ဒဏ်ငွေချမှတ်

ဇွန်လ ၁၁ ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် တရားရုံးမှ မြစ်ကြီးနားမြို့၊ မနာကွင်းတွင် "ကချင်ဒေသ တစ်ကျော့ပြန် စစ်ပွဲ ခုနှစ် နှစ်ပြည့် အထိမ်းအမှတ်" ဆုတောင်းပွဲကို ဦးဆောင်ပြုလုပ်ခဲ့သည့် ဦးယိမ်းတန်းကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်း လှည့်လည်ခွင့် ဥပဒေ (ငြိမ်း၊စု၊စီ) ပုဒ်မ ၂၀ ဖြင့် ဒဏ်ငွေ တစ်သောင်း ချမှတ်ခဲ့သည်။ ဇွန်လ ၉ ရက်နေ့တွင် ပြုလုပ်ခဲ့သော ဆုတောင်းပွဲအစီအစဉ်တွင် သတ်မှတ်ချိန်ထက် ကျော်လွန်ခြင်းနှင့် ခွင့်ပြုချက်ပေးထားခြင်းမရှိသည့် သရုပ်ဖော်ပြကွက်ကိုပြခဲ့သည့်အတွက် မြစ်ကြီးနားမြို့နယ် ရဲမှူးမြင့်မိုးမှ ဦးယိန်းတန်းကို ငြိမ်း၊စု၊စီ ဥပဒေ ပုဒ်မ ၂၀ ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

မနောကွင်း၌ ပြုလုပ်ခဲ့သည့် ကချင်ဒေသ တစ်ကျော့ပြန် စစ်ပွဲ ခုနှစ် နှစ်ပြည့် ဆုတောင်းပွဲအခမ်းအနားကို စစ်ဘေးရှောင်စခန်းမှ ပြည်သူများ၊ ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းများနှင့် ဒေသခံများ ထောင်ချီ တက်ရောက်ခဲ့ကြသည်။

### မတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူးကို ဖြုတ်ချပေးရန် ဆန္ဒပြသည့် တက်ကြွလှုပ်ရှားသူသုံးဦးကို ထောင်ဒဏ်ချမှတ်

ဇွန်လ ၁၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တရားရုံးမှ မတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူးအား ဖြုတ်ချပေးရန် တောင်းဆို ဆန္ဒပြခဲ့သည့် တောင်သူလယ်သမားအရေး တက်ကြွလှုပ်ရှားသူ ဦးမောင်စိုး နှင့် တောင်သူနှစ်ဦးဖြစ်သော ဦးသန်းလွင်၊ ဦးရဲရင့်အောင်တို့ ကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ (ငြိမ်း၊စု၊စီ) ပုဒ်မ ၂၀ ဖြင့် ထောင်ဒဏ်တစ်လစီ ချမှတ်ခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်းတွင် သိမ်းဆည်းမြေယာပြဿနာများနှင့် ပတ်သက်၍ မန္တလေးမြို့ပေါ်သို့ လာရောက်ဆန္ဒထုတ်ဖော်ခဲ့သည့် တောင်သူများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ကြား တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ရာတွင် မတ္တရာမြို့နယ်အတွင်းမှ ယာမြေသိမ်းဆည်းခံ တောင်သူများဘက်မှ ဦးဆောင်တောင်းဆိုလျက်ရှိသည့် တောင်သူခေါင်းဆောင်များကို တောင်သူအစစ်မှန်မဟုတ်ဘဲ အမှုပွဲစား၊ မြေပွဲစားဟု မတ္တရာမြို့နယ် အုပ်ချုပ်ရေးမှူးမှ ပြောဆိုခဲ့သည်။ ထိုပြောဆိုမှုအပေါ် ဒေသခံတောင်သူမှားမှ ကျေနပ်ခြင်းမရှိ၍ ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။ မတ္တရာမြို့နယ်ရဲတပ်ဖွဲ့မှူးမှ တရားလိုပြုလုပ်ပြီး ဦးဆောင်သူ သုံးဦးကို မတ္တရာမြို့နယ်တရားရုံးတွင် အမှုဖွင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

## • ထောင်တွင်းအခြေအနေများ

### တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ အကျဉ်းသားများအနက် ထက်ဝက်ခန့် စာမေးပွဲအောင်မြင်

၂၀၁၈ ခုနှစ်၊ မတ်လတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့သော အကျဉ်းသား ၁၀၈ ဦးအနက် ၄၇ ဦးသည် စာမေးပွဲ အောင်မြင်ခဲ့သည်။ ထို ၄၇ ဦးအနက်မှ ၂၈ ဦးသည် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ အကျဉ်းသားများ၏ အောင်ချက်ရာခိုင်နှုန်းမှာ ၄၅.၁၉ ရာခိုင်နှုန်းရှိပြီး တစ်နိုင်ငံလုံး၏ အောင်ချက်ရာခိုင်နှုန်းမှာ ၃၂.၈၂ ရာခိုင်နှုန်းသာရှိသည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မန္တလေး အိုးဘိုအကျဉ်းထောင်မှ အကျဉ်းသား ၅၅ ဦး၊ အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား ၃၄ ဦး၊ ဘားအံ အကျဉ်းထောင်မှ အကျဉ်းသား ခုနစ်ဦး တက္ကသိုလ်ဝင် စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ကြပြီး မန္တလေး အိုးဘိုအကျဉ်းထောင်မှ အကျဉ်းသား ၂၇ ဦး၊ အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား ၁၉ ဦး၊ ဘားအံ အကျဉ်းထောင်မှ အကျဉ်းသား တစ်ဦးတို့ စာမေးပွဲ အောင်မြင်ခဲ့သည်။

### မူးယစ်ဆေးဝါးမှုကြောင့် ထောင်တွင်းအကျဉ်းသား မဆန့်ဖြစ်နေဟု မွန်ဝန်ကြီးချုပ်ပြောကြား

မွန်ပြည်နယ်ရှိ မော်လမြိုင်အကျဉ်းထောင်နှင့် သထုံအကျဉ်းထောင်တို့တွင် သတ်မှတ်ထားသည့် အကျဉ်းသားဦးရေထက်များစွာ ကျော်လွန်နေပြီး အကျဉ်းသားဦးရေ မဆန့်ဖြစ်နေရခြင်းမှာ မူးယစ်ဆေးဝါးများကို နေ့စဉ်ဖမ်းဆီးခဲ့ခြင်းကြောင့်ဖြစ်သည်ဟု မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံမှ ပြောကြားခဲ့သည်။ မော်လမြိုင်အကျဉ်းထောင်တွင် အကျဉ်းသားဦးရေ ၁၀၀၀ ဆံ့သော်လည်း ၁၉၀၀ ဦးကို ထိန်းသိမ်းထားပြီး သထုံထောင်တွင် အကျဉ်းသားဦးရေ ၁၅၀ ဆန့်သော်လည်း ၁၀၀၀ ဦးကို ထိန်းသိမ်းထားသည်။ ထို့ပြင် အကျဉ်းကျခံနေရသူများ၏ ၆၅ ရာခိုင်နှုန်းခန့်သည် မူးယစ်ဆေးဝါးမှုများဖြင့် အကျဉ်းကျနေခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

မွန်ပြည်နယ် အကျဉ်းထောင်များတွင် မူးယစ်ဆေးဝါးမှုဖြင့်

အကျဉ်းကျနေသူများသည် ထောင်က လက်ခံနိုင်စွမ်းထက် နှစ်ဆ မြင့်တက်နေသည့်ပြင် ထောင်နှစ်ရှည်ကျသူများ များပြား နေ သည့်အတွက် လက်ရှိဆောက်လုပ်နေသော အကျဉ်းသား ၁၂၀၀ ဆံ့သည့် ကျိုက်မရော အကျဉ်းထောင်သစ်ကို ယခုနှစ်အတွင်း အပြီးသတ် ပြောင်းရွှေ့သွားမည်ဟု မွန်ပြည်နယ် အကျဉ်းဦးစီး ဌာနမှ သိရှိရသည်။

### အင်းစိန်ထောင်ဝင်စာအခန်းကို ICRC မှ ပြင်ဆင်မည်

ပြစ်မှုကျူးလွန်လိုစိတ်များ လျော့ချရန် ရည်ရွယ်သည့် အနေဖြင့် နိုင်ငံတကာ ကြက်ခြေနီ ကော်မတီ (ICRC)မှ ရန်ကုန် အင်းစိန်ထောင်၏ ထောင်ဝင်စာအခန်းကို ပြင်ဆင်ပေးမည်ဟု ဇွန်လ ၁၈ ရက်နေ့တွင် ထုတ်ပြန် ကြေညာခဲ့သည်။ ထိုလုပ်ငန်းများကို လာမည့်နှစ် အစောပိုင်းတွင် ပြီးစီးမည်ဟု မျှော်လင့်ထားပြီး ကျပ်ငွေ သန်း ၄၀၀ (အမေရိကန် ဒေါ်လာ ၂၉၅၀၀၀) ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

အဆင့်မြှင့်တင်ကာ ပြုပြင်ပေးမည့် အဆောက်အအုံသည် အကျဉ်းကျခံနေရသူများနှင့် မိသားစုဝင်များ၏ ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေပြီး ခွဲခွာနေထိုင်ရသောကြောင့်ဖြစ်ပေါ်သော စိတ်ဖိ စီးမှုများကို လျော့ချပေးမည်ဖြစ်မည့်ပြင်၊ လျှပ်စစ်မီးနှင့် လေဝင် လေထွက်၊ လွတ်လပ်မှု ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ် ပေးမည်ဖြစ်ကာ သန့်စင်ခန်းအသစ်များ၊ ကော်ဖီဆိုင် တစ်ဆိုင် နှင့် ကလေးများ အတွက် ကစားကွင်းတစ်ကွင်း တည်ဆောက် ခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း ICRC ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ အင်းစိန် ဗဟို အကျဉ်းထောင် ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးဦးမှ အဆင့်မြှင့်တင်မည့် အစီအစဉ်အ သေးစိတ်ကို ပြောကြားနိုင်ခြင်း မရှိသေးသော်လည်း ထိုအ ဆောက်အအုံသစ်သည် နိုင်ငံတကာစံနှုန်းမီမည်ဟု ပြောကြားခဲ့ သည်။ လက်ရှိ ထောင်ဝင်စာတွေ့ဆုံသော အဆောက်အအုံမှာ လွတ်လပ်မှုမရှိဘဲ အကျဉ်းသားနှင့် ဧည့်သည်များကို သံဇကာ ဖြင့်ခြားထားသည်။

### မြစ်ကြီးနားအကျဉ်းထောင်တွင် ဆေးခန်းတစ်ခု ဆောက်လုပ်ပြီးစီး

Three Millennium Development Goal Fund (3MDG)၏ ပံ့ပိုးကူညီမှုဖြင့် အကျဉ်းထောင်များ၌ တည်ဆောက်ပြီးခဲ့သည့် ဆေးခန်းလေးခုအနက် တစ်ခုကို အစိုးရထံသို့ လွှဲပြောင်းပေး ခဲ့သည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားအကျဉ်းထောင်အတွင်းရှိ ဆေးခန်းတွင် အကျဉ်းသားများနှင့် ဝန်ထမ်းများအတွက် တီဘီ ရောဂါကုသပေးမှုများနှင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ အပါအဝင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် ကုသရေး၊ ရုံးစီမံခန့်ခွဲရေးဆိုင်ရာအခန်းနှင့် အမျိုးသားနှင့် အမျိုးသမီး လူနာများအတွက် သီးခြားနေရာများ ပါဝင်သည်။

ထောင်တွင်းနှင့် အလုပ်စခန်းတို့တွင် လူဦးရေပြည့်ကျပ်ခြင်းကြောင့် အသည်းရောင်စီရောဂါ၊ တီဘီရောဂါ၊ HIV နှင့် ဝမ်းရောဂါများသည် ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ 3MDG မှ အင်းစိန်အကျဉ်းထောင်၊ မန္တလေးအကျဉ်းထောင်၊ လားရှိုးအကျဉ်းထောင်တို့တွင် ကျန်းမာရေးအထောက်အပံ့ပစ္စည်းများကို ထောက်ပံ့လျက်ရှိသည်။

### မာန်အောင်မြို့မှ ပြစ်ဒဏ်ချမှတ်ခံထားရသော တောင်သူ နှစ်ဦး၏ အယူခံကို ပယ်ချ

ဇွန်လ ၂၅ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် တရားရုံးမှ လယ်ယာမြေဥပဒေ ပုဒ်မ ၃၅ ဖြင့် ထောင်ဒဏ် ခုနစ်လ ချမှတ်ခြင်းခံထားရသော မာန်အောင်မြို့၊ မြတ်မချောင် ကျေးရွာမှ ဦးသာနီနှင့် ဦးဖြူသီးခိုင်တို့၏ အယူခံကို ပယ်ချခဲ့သည်။ ၎င်းတို့၏ မိသားစုဝင်များမှ ကျောက်ဖြူခရိုင်တရားရုံးတွင် ဇွန်လ ၂၀ ရက်နေ့၌ အယူခံဝင်ခဲ့ခြင်းဖြစ်ပြီး ငါးရက်အကြာတွင် ယင်းအယူခံကို ခရိုင်တရားရုံးမှ ပယ်ချခဲ့ခြင်းဖြစ်သည်။ မာန်အောင်၊ စမုံတဲလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရာတွင် လျော်ကြေးငွေ နည်းလွန်းသဖြင့် အိမ်ဖယ်ပေးခြင်း မရှိသည့် အတွက် မတ်လ ၂၁ ရက်နေ့တွင် ကျောက်ဖြူမြို့နယ်တရားရုံးမှ ဦးသာနီနှင့် ဦးဖြူသီးခိုင်တို့ကို လယ်ယာမြေဥပဒေ ပုဒ်မ ၃၅ ဖြင့် ထောင်ဒဏ်ခုနစ်လ ချမှတ်ခဲ့ခြင်းဖြစ်သည်။

### မိတ္ထီလာအကျဉ်းထောင်သို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်ရေး ကော်မရှင်အဖွဲ့ ပထမဆုံးအကြိမ် လာရောက်စစ်ဆေး

ဇွန်လ ၆ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်ရေး ကော်မရှင် (MNHRC)မှ မိတ္ထီလာအကျဉ်းထောင်သို့ ပထမဆုံးအကြိမ် ဝင်ရောက်စစ်ဆေးခဲ့ပြီး အကျဉ်းသားတစ်ဦးချင်းစီ၏ တင်ပြချက်များအား အလေးပေးနားထောင်ခဲ့သည်။ မိတ္ထီလာအကျဉ်းထောင်သည် (က)အဆင့်ရှိသော အကျဉ်းထောင်တစ်ထောင်ဖြစ်ပြီး အချုပ်/ထောင်ကျ အကျဉ်းသူ ၉၆ ဦး၊ အချုပ်/ထောင်ကျ အကျဉ်းသား ၆၁၈ ဦး စုစုပေါင်း ၇၁၄ ဦးကို ထိန်းသိမ်းထားသည်။

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**စစ်ပွဲဆန့်ကျင်ရေးလှုပ်ရှားမှုတွင် အရပ်ဝတ် ရဲအရာရှိများမှ သတင်းသမားများကို ခြိမ်းခြောက်၊ ရိုက်နှက်ခြင်းများရှိ**

မေလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်တွင် ပြုလုပ်ခဲ့သော စစ်ပွဲဆန့်ကျင်ရေးလှုပ်ရှားမှု၌ အရပ်ဝတ် ရဲအရာရှိများမှ သတင်းယူနေသော သတင်းသမားများကို ခြိမ်းခြောက်ခဲ့ကြောင်း ဇွန်လ ၃ ရက်နေ့တွင် မြန်မာ သတင်းသမားများကို ကာကွယ်ပေးရေး ကော်မတီ (PCMJ) မှ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) ကို ပြောကြားခဲ့သည်။

MNHRC မှ သမ္မတရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ စုံစမ်းစစ်ဆေးပေးရန်အတွက် စာပေးပို့မည်ဖြစ်သည်ဟု ပြန်လည် ဖြေကြားခဲ့သည်။ အရပ်ဝတ်များမှ သတင်းသမားများကို ခြိမ်းခြောက်ရိုက်နှက်ခြင်းအား ရဲအရာရှိများက ဟန့်တားခြင်းမရှိပါဟု PCMJ မှ ပြောကြားခဲ့သည်။ PCMJ မှ MNHRC အား အရပ်ဝတ် ရဲများနှင့် အရပ်ဝတ်အုပ်စုကို စုံစမ်းဖော်ထုတ်ပေးရန် ပြောကြားခဲ့သည်။ စုံစမ်းစစ်ဆေးပြီးနောက် MNHRC မှ ခြိမ်းခြောက်ရိုက်နှက်ရာတွင် ပါဝင်သူများကို တရားစွဲဆိုမည်ဟု ကြေညာခဲ့သည်။

**တက္ကသိုလ်နယ်မြေတွင် နိုင်ငံရေးမဟောပြောခြင်းမပြုလုပ်ရန် ပိတ်ပင်သည့်ညွှန်ကြားချက်ကို ပြန်လည်ပယ်ဖျက်**

တက္ကသိုလ်နယ်မြေ၌ နိုင်ငံရေး စာတမ်းဖတ်ပွဲ၊ ဟောပြောဆွေးနွေးပွဲများ မပြုလုပ်ရန် ကန့်ကွက်သည့် ညွှန်ကြားချက်ကို ဝေဖန်မှုများ ထွက်ပေါ်လာခဲ့ပြီးနောက် ပြန်လည်ပယ်ဖျက်ကြောင်း ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ ဇွန်လ ၂ ရက်နေ့တွင် သက်ဆိုင်ရာကျောင်းများသို့ အကြောင်းကြားခဲ့သည်။

တက္ကသိုလ်တွင်း ဟောပြောဆွေးနွေးပွဲများနှင့် ပတ်သက်၍ အဆင့်မြင့်ပညာ ဦးစီးဌာနမှ မေလ ၂၁ ရက်နေ့တွင် တစ်ကြိမ်၊ မေလ ၃၀ ရက်နေ့တွင် တစ်ကြိမ် ညွှန်ကြားချက်နှစ်စောင် ထုတ်ပြန်ခဲ့သည်။ မေလ ၂၁ ရက်နေ့ထုတ်ညွှန်ကြားချက်တွင် စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများကျင်းပရန်ရှိပါက သက်ဆိုင်ရာ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၏ စိစစ်ချက်၊ တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့၏ ထောက်ခံ ချက်တို့နှင့်အတူ အဆင့်မြင့်ပညာ ဦးစီးဌာနသို့ အသိပေး၍ သဘောထား မှတ်ချက်ရယူရန်၊ နိုင်ငံရေးနှင့် ပတ်သက်သည့်စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများခွင့် မပြုရန်အချက်များ ပါရှိသည်။ ထိုညွှန်ကြားချက်ကို ကျောင်းသားသမဂ္ဂများ၊ ဆရာ၊ ဆရာမအဖွဲ့အစည်းများမှ ကန့်ကွက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့သည့်အပြင် ပြည်သူအကြား ဝေဖန်မှုရှိခဲ့သည်။

မေလ ၃၀ ရက်နေ့ညွှန်ကြားချက်တွင် ဟောပြောပို့ချမည့်အကြောင်းအရာပါ ကိစ္စရပ်များနှင့် ဆက်နွှယ်မှုမရှိသည့် အကြောင်းအရာများကို ဟောပြောခြင်းမပြုလုပ်ရန် ပါရှိသည်။ ဝေဖန်မှုများမြင့်တက်ခဲ့ပြီးနောက် ဇွန်လ ၂ ရက်နေ့ ညွှန်ကြားချက်နှင့် မေလ ၂၁ နေ့ညွှန်ကြားချက်ကို ပယ်ဖျက်ပြီး မေလ ၃၀ ရက်နေ့ ညွှန်ကြားချက်အတိုင်း ဟောပြောဆွေးနွေးပွဲများကျင်းပရမည်ဟု ဖော်ပြထားသည်။

**အကျဉ်းဦးစီးဌာနမှ အမျိုးသမီး ကျောက်ထုတ်စခန်းများကို ပိတ်သိမ်းရန် အစီအစဉ်မရှိဟု ပြောကြား**

ဇွန်လ ၇ ရက်နေ့တွင် အကျဉ်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူမှ မွန်ပြည်နယ်ရှိ အမျိုးသမီး ကျောက်ထုတ်စခန်းကို ပိတ်သိမ်းရန် အစီအစဉ်မရှိဟု ပြောကြားခဲ့သည်။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) မှ မေလအတွင်းတွင် အမျိုးသမီး ကျောက်ထုတ်စခန်းများကို ပိတ်သိမ်းရန် အကြံပြုခဲ့ပြီးနောက် ထိုကဲ့သို့ တုန့်ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

အလုပ်ကြမ်းလုပ်ရခြင်းသည် အကျဉ်းသားများ၏ ကျန်းမာရေးကို ထိခိုက်လျှင် ကျောက်ထုတ်စခန်းကို ပိတ်သိမ်းမည့်အစား ဆေးကုသမှုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ပေးမည်ဟု အကျဉ်းဦးစီးဌာနမှ ပြောကြားခဲ့သည်။ ထို့ပြင် ကျောက်ထုတ်စခန်းများတွင် ပုံမှန် ဆေးစစ်မှု ပြုလုပ်ပေးသည်ဟုလည်း ပြောကြားခဲ့သည်။ မွန်ပြည်နယ် အကျဉ်းဦးစီးဌာန၏ တာဝန်ခံဖြစ်သူ ဦးလင်းဘိုနောင်မှ ၎င်းတို့အနေဖြင့် အမျိုးသမီး အကျဉ်းသူများကို ကျောက်တုံးကြီးများကို သယ်ယူခိုင်းခြင်းမပြုဘဲ သယ်ယူနိုင်သည့် ကျောက်တုံးအသေးများကိုသာ သယ်ယူခိုင်းသည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ဦးလင်းဘိုနောင်မှ အမျိုးသမီးအကျဉ်းသူများ လွတ်မြောက်ပြီးနောက် ရပ်တည်နိုင်ရန် "အိမ်တွင်းမှုသိပ္ပံပညာ" ကို သင်ကြားပေးလျှက်ရှိသည်ဟု ပြောကြားခဲ့သည်။

အမျိုးသမီးကျောက်ထုတ်စခန်းနှစ်ခုကို သွားရောက် လည်ပတ်ခဲ့ပြီးနောက် MNHRC အဖွဲ့ဝင် ဦးယုလွင်အောင်မှ အကျဉ်းသူများ၏ ကျန်းမာရေးအား စိုးရိမ်၍ အကြံပြုထားခြင်းဖြစ်ပြီး အထူး

သဖြင့် မျိုးဆက်ပွား ကျန်းမာရေးနှင့် ပတ်သက်၍ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မွန်ပြည်နယ်ရှိ မုပွလင် အမျိုးသမီးကျောက် ထုတ်စခန်းတွင် အမျိုးသမီး အကျဉ်းသူ ၂၈၂ ဦးကို ထိန်းသိမ်း ထားပြီး မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ထုံးဘို အမျိုးသမီး ကျောက်ထုတ်စခန်းတွင် အမျိုးသမီး အကျဉ်းသူ ၄၆၆ ဦးကို ထိန်းသိမ်းထားသည်။

### နမ္မတီးတွင် ကချင်အမျိုးသားနှစ်ဦး ပျောက်ဆုံးနေခြင်း တစ်လ ကျော်လာ

ကချင်ပြည်နယ်၊ နမ္မတီးမြို့၊ ညောင်တောကျေးရွာသား နှစ်ဦး ပျောက်ဆုံးနေမှုသည် တစ်လပြည့်ပြီဖြစ်သော်လည်း သတင်း အစအနရရှိ ခြင်းမရှိသည့်အတွက် စိတ်ပူပန်မိကြောင်း ၎င်းတို့၏ မိသားစုများမှ ပြောကြားခဲ့သည်။ မေလ ၄ ရက်နေ့တွင် Nhkang La နှင့် Nhkum Brang Li တို့သည် လယ် တောသို့သွားရာမှ မိသားစုနှင့် အဆက်အသွယ်ပြတ်သွားခဲ့သည်၊ ၎င်းတို့ ပျောက်ဆုံးသွားခဲ့သည်မှာ တစ်လပြည့်ပြီဖြစ်သော ကြောင့် အမြန်ပြန်တွေ့လိုကြောင်း Nhkang La ၏ အစ်မဖြစ်သူ ဒေါ်ချယ်ရီမှ ပြောကြားခဲ့သည်။ မေလ ၄ ရက်နေ့ နံနက်ပိုင်းတွင် ဖုန်းဖြင့် အဆက်အသွယ်ရရှိခဲ့သော်လည်း ညနေပိုင်းတွင် ဗမာစ ကားပြောသူတစ်ဦးမှ ဦး Nhkum Brang Li ၏ မိသားစုထံ ဖုန်းပြန်လည်ခေါ်ဆိုခဲ့ပြီး ဖုန်းပိတ်ခဲ့ရာမှ ယနေ့အချိန်ထိ သတင်း ရရှိခြင်းမရှိကြောင်း ၎င်းမှ ထပ်မံပြောကြားခဲ့သည်။ ၎င်းတို့နှစ်ဦး ပျောက်ဆုံးနေသောနေရာသည် ကချင်လွတ်မြောက်ရေး တပ်မ တော်(KIA) တပ်ရင်း (၁၁)ကို ထိုးစစ်ဆင်ခဲ့စဉ်တွင် မြန်မာအစိုး ရတပ်မှ စစ်အင်အားစုယူသည့် နေရာဖြစ်သည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။

### ကချင်ပြည်နယ်တွင်း တစ်ကျော့ပြန်စစ်ပွဲဖြစ်ပွားခြင်း ခုနှစ်နှစ်ပြည့်အခမ်းအနားကျင်းပခွင့် ပိတ်ပင် တားမြစ်

ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပမည့် ကချင် ပြည်နယ်တွင်း တစ်ကျော့ပြန်စစ်ပွဲ ဖြစ်ပွားခြင်းအခမ်းအနားကို အာဏာပိုင်များမှ ပိတ်ပင်တားမြစ်ခဲ့သည်။ အခမ်းအနားကျင်း ပရခြင်း၏ ရည်ရွယ်ချက်သည် စစ်ပွဲအတွင်း ပိတ်မိနေသော စစ် ဘေးရှောင်များအတွက် ကတိပေးမှုနှင့် ပတ်သက်၍ အသိပညာ ပေးမှုကို မြှင့်တင်ရန်ဖြစ်သည်။

### ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်ဖြည့်စွက်ပြီးသော်လည်း အသရေဖျက်မှုများ ဆက်လက် ဖြစ်ပွားလျှက်ရှိ

၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင် ဖြည့်စွက်မှုများ ပြုလုပ်ခဲ့သော်လည်း ထိုပြင်ဆက်ဖြည့်စွက်ချက် များ၏ အကျိုးသက်ရောက်မှုကို လေ့လာသူများမှ သံသယရှိ ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ အငြင်းပွားလျှက်ရှိသော ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ) သည် သတင်းသမား များအပေါ် ဖိနှိပ်ရန် လက်နက်အဖြစ် ဆက်လက် အသုံးပြုလျှက် ရှိသည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့ (အသံ) မှ ဆက်သွယ်ရေး ဥပဒေ ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ပြီး ကတည်းက သိသာထင်ရှားသော ပြောင်းလဲမှုတစ်ခုသည် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အသရေဖျက်သည့်အတွက် မည်သူမျှ တရားစွဲဆိုခံရမှုမရှိခြင်း ဖြစ်သည်။ ထိုမျှသာမက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့ (အသံ) မှ ၂၀၁၆ ခုနှစ်တွင် အမျိုးသား ဒီမိုက ရေစီအဖွဲ့ချုပ်(NLD) အစိုးရလက်ထက်ကတည်းက အာဏာပိုင် များနှင့် အဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်များအပေါ် တရားစွဲဆိုမှုများ ပို၍ မြင့်တက် လာသည်ဟု ထုတ်ဖော်ခဲ့သည်။

### ကျောက်မဲမြို့နယ်တွင် လက်နက်ကိုင်များ ပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦးဒဏ်ရာရ

ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ မန်ထန်ကျေးရွာ၌ လက်နက် ကိုင်များ၏ ပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့သည် ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ သိရှိခဲ့ရသည်။ ဇွန်လ ၁၁ ရက် နေ့တွင် ကိုမျိုးမြင့်ဦးနှင့် ကိုမြင့်မောင်တို့ လိုက်ပါလာသော ၁၂ ဘီးယာဉ်သည် မန်ထန်ကျေးရွာအရောက်၌ ညအိပ်ရပ်နားရန် ရပ်တန့်စဉ် လမ်း၏ လက်ဝဲဘက်ခြမ်းရှိ ကုန်းပေါ်မှ လက်နက် ကိုင်များ (စီစစ်ဆဲ)မှ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့ သည်။ ထိုပစ်ခတ်မှုကြောင့် ကိုမျိုးမြင့်ဦးနှင့် ကိုမြင့်မောင်တို့ နှစ်ဦးသည် ကျည်ရပ်ဒဏ်ရာများ ရရှိခဲ့ပြီး ကျောက်မဲမြို့ ပြည်သူ့ ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေရသည်။

### မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကချင်ပြည်နယ်ရှိ အကျဉ်းထောင်များကို ကြည့်ရှုစစ်ဆေး

ဇွန်လ ၁၇ ရက်နေ့မှ ဇွန်လ ၂၃ ရက်နေ့အထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC)သည် ကချင် ပြည်နယ်ရှိ အကျဉ်းထောင်များ၊ အချုပ်ခန်းများနှင့် ဒုက္ခသည်စ ခန်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။ MNHRC အဖွဲ့ဝင် ဦးယုလွင်အောင်မှ လူ့အခွင့်အရေးနှင့် ပတ်သက်၍ အထူးအလေးထား ကြည့်ရှုစစ်ဆေးခဲ့သည်ဟု ပြောကြားခဲ့သည့် အပြင် ကချင်ပြည်နယ်သို့ သွားရောက်ရခြင်း၏ အဓိကရည်

ရှယ်ချက်သည် အကျဉ်းထောင်များအတွင်း လူ့အခွင့်အရေးနှင့် ပတ်သက်၍ အသိပညာများ ပေးဝေနိုင်ရန်အတွက်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဇွန်လ ၁၇ ရက်နေ့တွင် ဦးယုလွင်အောင်နှင့် ဦးမြင့်ကြည်တို့ ဦးဆောင်သော အဖွဲ့သည် မိုးညှင်းအကျဉ်းထောင်ရှိ အကျဉ်းသားများနှင့် တွေ့ဆုံခဲ့သည်။ ထို့ပြင် ၎င်းတို့အဖွဲ့သည် ဟိုပင်မြို့နယ်နှင့် မိုးညှင်းမြို့နယ်ရှိ အကျဉ်းထောင်များနှင့် အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်ဟု ဦးယုလွင်အောင်မှ ပြောဆိုခဲ့သည်။

၎င်းတို့၏ စစ်ဆေးချက်များအရ ကချင်ပြည်နယ်ရှိ အကျဉ်းထောင်များသည် လူ့အခွင့်အရေးချိုးဖောက်မှု အလွန်နည်းပါးသည်ကို တွေ့ရှိရသည်ဟု ၎င်းမှ ထပ်မံပြောကြားခဲ့သည်။ ထို့ကြောင့် ၎င်းတို့မှ အကျဉ်းသားများကို လူတိုင်း လူ့အခွင့်အရေးကို ခံစားခွင့်ရှိပြီး ထိုအခွင့်အရေးများကို လေးစားလိုက်နာရန် လိုအပ်သည်ဟု ရှင်းပြခဲ့သည်။ လူဦးရေပြည့်ကျပ်နေခြင်းသည် အကျဉ်းထောင်များနှင့် အလုပ်စခန်းများတွင် အဓိကပြဿနာတစ်ခုဖြစ်သည်။ တချို့အကျဉ်းထောင်များတွင် တရားရင်ဆိုင်နေရဆဲ အချုပ်သားများကို ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများနှင့် ရောနှော ချုပ်နှောင်ထားခြင်းနှင့် တစ်ခါတစ်ရံ နိုင်ငံရေးအကျဉ်းသားများကို ရာဇဝတ်သားအကျဉ်းသားများ နှင့်အတူထားရှိခြင်းဖြစ်သည်။ ထို့ပြင် တစ်ခါတစ်ရံတွင် ဆေးဝါးဆိုင်ရာပစ္စည်းများနှင့် အိပ်ယာခင်းတို့ လုံလောက်စွာ မရှိပါ။ MNHRC မှ ကြည့်ရှုစစ်ဆေးမှုပြီးနောက် အကျဉ်းသားများ၏ အခြေခံလိုအပ်ချက်များကို ကိုင်တွယ်ဆောင်ရွက်ရန် အကြံဉာဏ်ပေးသွားမည်ဖြစ်ပြီး အကျဉ်းဦးစီးဌာနမှ အဆိုပါ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်သည်ဟု ဦးယုလွင်အောင်မှ ပြောကြားခဲ့သည်။

## ရခိုင်ပြည်နယ်တွင် စစ်တပ်မှ ရွာသားတစ်ဦးကို ပစ်ခတ်

ဇွန်လ ၂၅ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၌ ခြေမြန်တပ်ရင်း ၅၅၁ မှ ဒုတပ်ရင်းမှူး ဦးစီးသည့် စစ်ကြောင်း (၂) မှ ကင်းလှည့်နေစဉ် ငါးဖမ်းနေသည့် မောင်တောမြို့နယ်၊ ဇော်မတက်ကျေးရွာအုပ်စု၊ ကိုင်းကြီး (ရခိုင်) ကျေးရွာနေ ဦးအောင်လှစိန်ကို ပစ်ခတ်ခဲ့သည်။ ရွာ၏ အနောက်ဘက်တွင်ရှိသော တုံးချောင်းဝတွင် ဦးအောင်လှစိန်နှင့် သားဖြစ်သူတို့နှစ်ဦးတို့သည် စက်လှေဖြင့် ငါးဖမ်းနေစဉ် ပစ်ခတ်ခံလိုက်ရခြင်းဖြစ်ကြောင်း ကိုင်းကြီးကျေးရွာသားများမှ ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ဒဏ်ရာရရှိသွားသည့် ဦးအောင်လှစိန်သည် ဘူသီးတောင်ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေသည်။

အဆိုပါ တုံးချောင်းဝမှာ ပင်လယ်နှင့်ထိစပ်သည့် နေရာတစ်ခု ဖြစ်သည့်အတွက် အကြမ်းဖက်သမားများနှင့် ခိုးဝင်သူများ ဝင်ထွက်သွားလာ နိုင်သဖြင့် ယခုရက်ပိုင်းအတွင်း လုံခြုံရေး အခြေအနေအရ ယင်းနေရာသို့ မသွားရောက်ရန် ဒေသခံများကို တားမြစ်ထားကြောင်း၊ မသွားရောက်ရန် တားမြစ်ထားသည့်နေရာသို့ သွားရောက်ခြင်းကြောင့် လူမှားပြီး ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်မှ ပြောကြားခဲ့သည်။

## ရန်ကုန်တက္ကသိုလ်တွင် ကျင်းပမည့် 'ကျောင်းသားနှင့်နိုင်ငံရေး' ဆွေးနွေးပွဲ ခွင့်ပြုချက်မရရှိ၍ ရွှေ့ဆိုင်း

ဇွန်လ ၂၅ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၌ ကျင်းပမည့် 'ကျောင်းသားနှင့် နိုင်ငံရေး' ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို တက္ကသိုလ် အုပ်ချုပ်ရေး အဖွဲ့မှ ခွင့်ပြုချက်မပေးသောကြောင့် ရွှေ့ဆိုင်းခဲ့ရသည်ဟု ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂများ (ဗကသများအဖွဲ့ချုပ်)မှ ကိုဘုန်းထက်နောင်မှ ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို ဇူလိုင်လအတွင်း ပြောင်းလဲကျင်းပရန်လျာထားပြီး လာမည့်ဆွေးနွေးပွဲနှင့် ပတ်သက်၍ မည်သည့် ကျောင်းအာဏာပိုင်၊ မည်သည့်အစိုးရဌာနထံမှ ခွင့်ပြုချက်ရယူမည်မဟုတ်ဟု ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ ကြေညာချက် ထုတ်ပြန်ထားသည်။

## ကွတ်ခိုင်တွင် လက်နက်ကြီး ကျည်ထိ၍ ခုနစ်ဦး ဒဏ်ရာရရှိပြီး တစ်ဦးသေဆုံး

ဇွန်လ ၂၈ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်၊ မန်နိမ်အွန်ရွာအတွင်း လက်နက်ကြီး ကျည်ထိ၍ ဒေသခံ ရွာသူရွာသား ခုနစ်ဦး ဒဏ်ရာရရှိခဲ့ပြီး အသက် ရှစ်နှစ်အရွယ် ကလေးငယ် တစ်ဦး သေဆုံးသွားခဲ့သည်။ ဇွန်လ ၂၈ ရက်နေ့ နံနက် ခြောက်နာရီဝန်းကျင်တွင် တပ်မ ၈၈ မှ မန်နိမ်အွန် ရွာထိပ်ကို ရောက်ရှိခဲ့ပြီး ကုန်းတွင် နေရာယူ၍ ရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်မှ ဒဏ်ရာရရှိထားသူများကို ဆေးကုရန် ခေါ်ဆောင်ရာ တစ်ဦးမှာ ဒဏ်ရာ မပြင်းထန်သဖြင့် ရွာတွင်သာ ကျန်နေခဲ့ပြီး ခြောက်ဦးကို ကွတ်ခိုင်မြို့သို့ ခေါ်ဆောင်သွားသည်ဟု ပလောင် (တအာင်း) ဥပဒေ အထောက်အကူပြု အဖွဲ့ (TLA) တာဝန်ခံ မိုင်းမျိုးအောင်မှ ပြောကြားခဲ့သည်။ ခေါ်ဆောင်သွားသည့် ခြောက်ဦးတွင် သုံးဦးမှာ ကွတ်ခိုင်မြို့ စစ်တပ်ဆေးခန်းအတွင်း ကုသ၍ ရသော်လည်း ကျန်သုံးဦးမှာ ဒဏ်ရာ ပြင်းထန်သဖြင့် လားရှိုးမြို့ ဆေးရုံသို့ ထပ်မံပို့ဆောင်ရသည်ဟု သိရှိရသည်။

ပလောင် (တအာင်း) အမျိုးသား လွတ်မြောက်ရေး တပ်မတော်

(TNLA)မှ သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ ဗိုလ်မှူး မိုင်းအိုက်ကျော်မှ မန်နိမ်အွမ်ရွာအတွင်း ဖြစ်ပွားသည့် လက်နက်ကြီးပစ်ခတ်မှုသည် တပ်မတော်၏ တဖက်သတ် ပစ်ခတ်ခြင်းဖြစ်သည်ဟု ပြောကြား ခဲ့သည်။ ကွတ်ခိုင်မြို့နယ်အတွင်း တပ်မတော်နှင့် TNLA တို့ တိုက်ပွဲမဖြစ်ပွားသည်မှာ သုံးပတ်ခန့်ရှိပြီဖြစ်ကြောင်း၊ မန်နိမ်အွမ်ရွာ အတွင်းရှိ ယခင်ရက်များတွင် TNLA တပ်ဖွဲ့ဝင်များ ဝင်ရောက်သွားလာမှု ရှိသော်လည်း ယနေ့ပစ်ခတ်မှု ဖြစ်ပွားချိန်အတွင်း ရွာအတွင်း တပ်ဖွဲ့ဝင်များမရှိကြောင်း ဗိုလ်မှူး မိုင်းအိုက်ကျော်မှ ထပ်မံပြောကြားခဲ့သည်။

### တာမွေတွင် စစ်ပွဲများရပ်တန့်ရန် ဆန္ဒထုတ်ဖော်သူများနှင့် တန်ပြန်ဆန္ဒထုတ်ဖော်သူများကို တာဝန်ရှိသူများမှ တားဆီးခြင်းများ မပြုလုပ်ခဲ့ဟု MNHRC ထုတ်ပြန်

တာမွေတွင် စစ်ပွဲများရပ်တန့်ရန် ဆန္ဒထုတ်ဖော်သူများနှင့် တန်ပြန်ဆန္ဒထုတ်ဖော်သူများကို တာဝန်ရှိသူများမှ ကြိုတင်တွေ့ဆုံညှိနှိုင်းခြင်း၊ တားဆီးခြင်းများ မပြုလုပ်ခဲ့သဖြင့် မလိုလားအပ်သော ပြဿနာများဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) မှ ဇွန်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

လူ့အခွင့်အရေးကော်မရှင်၏ စုံစမ်းမေးမြန်းချက်များအရ စစ်ပွဲများ ရပ်တန့်ရန် ဆန္ဒထုတ်ဖော်သူများသည် ငြိမ်း၊စု၊စီ ဥပဒေနှင့်အညီ တာဝန်ရှိသူများကို အသိပေးခဲ့သော်လည်း တာဝန်ရှိသူများအနေဖြင့် ဒေသန္တရအမိန့်အရ ခွင့်ပြုနိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့် ခွင့်မပြုနိုင်ကြောင်းကို ကြိုတင်တွေ့ဆုံညှိနှိုင်းခြင်း၊ ရှင်းလင်းအသိပေးခြင်း၊ နှစ်ဦးနှစ်ဖက် နားလည်မှုရယူခြင်းများကို ဆောင်ရွက်ခြင်း မပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်၊ ထို့ပြင် ငြိမ်း၊စု၊စီဥပဒေနှင့်အညီ ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ တန်ပြန်ဆန္ဒပြမည်ကို သတင်းရရှိ ပါလျှက် တာဝန်ရှိသူများက ဆန့်ကျင်ဘက် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို ကြိုတင်ဆွေးနွေးညှိနှိုင်း တားဆီးခြင်း မပြုခဲ့ခြင်းကြောင့် မလိုလားအပ်သော ပြဿနာများ ဖြစ်ပွားခဲ့ရကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

### ရခိုင်ပြည်နယ်တွင် စစ်တပ်မှ ကလေးတစ်ဦးကို ပစ်ခတ်

ဇွန်လ ၂၈ ရက်နေ့တွင် မြန်မာနယ်ခြားစောင့်တပ်မှ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီးတွင် ကစားလျှက်ရှိသော အသက်ဆယ်နှစ်အရွယ် ကလေး တစ်ဦးကို ပစ်ခတ်ခဲ့သည်။ ထိုကလေးငယ်သည် မြန်မာနိုင်ငံမှ ကာရံထားသော ဝါယာခြံစည်းရိုးအနီးတွင် တခြားကလေးများနှင့် ကစားနေစဉ်အတွင်း ပစ်ခတ်ခံခဲ့ရခြင်းဖြစ်သည်။ ထိုကလေးငယ်၏ပေါင်တွင် ဒဏ်ရာရရှိခဲ့သောကြောင့် ဆေးရုံသို့ပို့ဆောင်ခဲ့သည်။

### ကချင်ဆရာမ နှစ်ဦး အသတ်ခံရမှု KIA လက်ချက်ဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြား

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ နမ့်တောင်မြို့နယ်၊ ကောင်းခါးကျေးရွာရှိ ကချင်ခရစ်ယာန်အဖွဲ့ချုပ်(KBC) ဝန်းအတွင်း သာသနာပြု လုပ်အားပေး ကျောင်းဆရာမနှစ်ဦး အဓမ္မပြုကျင့်ခံရပြီး အသတ်ခံရမှုတွင် တပ်မတော်ကို စွပ်စွဲနေကြသော်လည်း စုံစမ်းစစ်ဆေး ကြည့်သည့်အခါ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၏ လက်ချက်ဟု တွေ့ရှိရကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ပြောကြားခဲ့သည်။

ဇွန်လ ၂၈ ရက်နေ့တွင် နေပြည်တော်၌ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ(PC) တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ဗိုလ်ချုပ်မှူးကြီးမှ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အသက် ၂၀ အရွယ်ခန့်ရှိ ကချင်တိုင်းရင်းသူ မရန်လုရာနှင့် တန်ဘောင်ခေါ်န်နန်စင့်တို့သည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့ ညပိုင်းတွင် အဓမ္မကျင့် အသတ်ခံရခြင်းဖြစ်ပြီး ဖြစ်ပွားစဉ်တွင် တပ်မတော် တပ်ရင်းခမရ(၅၀၃) တပ်စွဲထားသည့်အချိန်နှင့် တိုက်ဆိုင်နေ၍ ဒေသခံများမှ တပ်မတော်အပေါ်တွင် စွပ်စွဲမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

## • လယ်ယာမြေအငြင်းပွားမှုများ

### မြိုင်ကလေး ဘိလပ်မြေစက်ရုံ သိမ်းဆည်းပိုလျှံမြေ ပြန်စွန့်လွှတ်ရာ၌ မူလပိုင်ရှင်များ မရရှိ

မြိုင်ကလေး တန် ၉၀၀ ဘိလပ်မြေစက်ရုံ စီမံကိန်းတည်ဆောက်စဉ်က သိမ်းဆည်းခဲ့သည့် အသုံးမပြုသော ပိုလျှံမြေများကို သက်ဆိုင်ရာမှ ပြန်လည်စွန့်လွှတ်ခဲ့သော်လည်း မူလလယ်ပိုင်ရှင်များ ပြန်လည်ရရှိခြင်းမရှိပါဟု မေလ ၃၀ ရက်နေ့တွင် ဒေသခံများမှ ပြောကြားခဲ့သည်။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မြိုင်ကလေးတွင် ၁၉၈၁ ခုနှစ်၌ ဘိလပ်မြေစက်ရုံ စတင်တည်ဆောက်စဉ်တွင် ရွာလုံးကျွတ်နေအိမ်များ ဖယ်ရှားခဲ့ရသည့်ပြင် လယ်ယာ၊ ဥယျာဉ်ခြံမြေများကိုပါ လိုအပ်သည်ထက် ပိုမိုသိမ်းဆည်းခဲ့သည်ဟု ၎င်းတို့မှ ထပ်မံပြောကြားခဲ့သည်။ စက်ရုံစီမံကိန်းအတွက် လိုအပ်သည့်မြေသည် ၈၄၉ ဧက ဖြစ်သော်လည်း သိမ်းဆည်းထားသည့် မြေများသည် ၂၇၇၁.၁၈၁ ဧကရှိသည်။ နေအိမ်ရွှေ့ပြောင်းစဉ်တွင် ထိခိုက်နစ်နာသူ မူလပိုင်ရှင် ၁၀၀

ကျော်အတွက် အိမ်သေး ၅၀၀ ကျပ်၊ အိမ်ကြီး ၁၀၀၀ ကျပ်သာ ပြောင်း ရွှေ့စရိတ်ပေးခဲ့သည်။ သိမ်းဆည်းခဲ့သော ပိုလျှံမြေများ

ပေါ်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည့်အတွက် မူလလယ်ပိုင်ရှင် ရှစ်ဦးသည် တရားစွဲဆိုခြင်းခံခဲ့ရသည်။ ယင်းပိုလျှံမြေများ ပေါ်တွင် စက်ရုံမှ ပြင်ပက ငှားရမ်းလုပ်ကိုင်သူများကို နှစ်စဉ် ငှားရမ်း လုပ် ကိုင်ခွင့် ပြုထားသည်။ ဘိလပ်မြေစက်ရုံများမှ ဒေသခံများ၏ လယ်ယာ၊ ဥယျာဉ်ခြံမြေများကို သိမ်းဆည်းခဲ့သည့်အတွက် လုပ်ကိုင်ခွင့်မရရှိတော့သည့်နောက် စားဝတ်နေရေးအတွက် ၎င်း တို့၏သားသမီးများသည် ပညာရေးတစ်ပိုင်းတစ်စဖြင့် တစ်ဖက် နိုင်ငံသို့ သွားရောက်လုပ်ကိုင်နေရသည်ဟု ဒေသခံများမှ ပြော ကြားခဲ့သည်။

### ကျောက်မဲတွင် တပ်သိမ်းမြေကြောင့် ဒေသခံတောင်သူများ အခက်တွေ့

ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၊ ကျောက်မဲကြီးကျေးရွာ ရှိ ဒေသခံများပိုင်ဆိုင်သည့် ယာမြေများကို ခမရ ၅၀၁ တပ်မှ သိမ်းယူပြီး ခြံစည်းရိုးခတ်ထားသည့်အတွက် လုပ်ကိုင်စား သောက်ရန် အခက်အခဲဖြစ်နေသည်ဟု ဒေသခံရွာသားများမှ ပြောကြားခဲ့သည်။ ၂၀၁၄ ခုနှစ်ကတည်းက ခမရ ၅၀၁ တပ်မှ ကျောက်မဲကြီးရွာသား ၁၂ ဦး ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်စား သောက်လာသော ယာမြေနှင့် နွားစာကျက်မြေ ဧကပေါင်း ၇၀ ကို သိမ်းယူခဲ့သည်။ သို့သော်လည်း ရွာသားများသည် အဆိုပါ မြေများပေါ်တွင် ၂၀၁၇ ထိ ထွန်ယက် စိုက်ပျိုး လုပ်ကိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်နောက်ပိုင်းတွင် စစ်တပ်မှ ထိုမြေများကို မြေတိုင်း ခြင်း၊ ခြံစည်းရိုးကာရံခြင်းများပြုလုပ်လာသည့်ပြင် ရွာသားများကို မြေကျူးကျော်မှုဖြင့် တရားစွဲခဲ့သည်။ စစ်တပ်မှ မြေစာရင်းရုံးနှင့် ပူးပေါင်း၍ ပုံစံ ၁၀၅ ပိုင်ဆိုင်မှု အထောက်အထား ပြနိုင်ခဲ့သည့် အတွက် ရွာသားများမှ ရှုံးခဲ့ပြီး မြေကျူးကျော်မှုဖြင့် ကျပ်ငွေသုံး သောင်းကို ပေးလျော်ခဲ့ရသည်ဟု မြေသိမ်းခံတောင်သူ နန်းခမ်း နော်မှ ပြောကြားခဲ့သည်။

ရွာသားများသည် ကျောက်မဲမြို့နယ်၊ ရှမ်းတိုင်းရင်းသားဒီမိုက ရေစီအဖွဲ့ချုပ် SNLD ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံသို့ သွားရောက်၍ ၎င်းတို့သည် အဆိုပါမြေပေါ်တွင် စိုက်ပျိုးခွင့် မရှိတော့သည့်အတွက် စားဝတ်နေရေး၊ ကလေးကျောင်းစရိတ် များ စသည်တို့တွင် အခက်အခဲများရှိလာမည်ဖြစ်၍ ကူညီဖြေရှင်း ပေးရန် တောင်းခံခဲ့သည်။

### မတ်ကျန်းဌာနေပြည်သူ့စစ်နှင့် အငြင်းပွားနေသည့် မြေယာ ၁၂၅ ဧက ပြန်လည်ရရှိ

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်ရှိ မတ်ကျန်းဌာနေ ပြည်သူ့စစ်နှင့် မြေယာအငြင်းပွားမှုတွင် ရွာသား များဘက်မှ ဇွန်လ ၃ ရက်နေ့တွင် မြေယာ ၁၂၅ ဧက ပြန်လည် ရရှိခဲ့သည်။ နမ့်စန်မြို့ မြောက်ဘက် အမှတ် ၉ နှင့် အမှတ် ၁၀ ကျေးရွာနေ ရွာသားများ လုပ်ကိုင်စားသောက်ရန်အတွက် မြန်မာ့ တပ်မတော်မှ ၁၉၆၂ ခုနှစ်၌ မြေကွက်များ ချပေးခဲ့ကြောင်း၊ လက်နက်ကိုင်အဖွဲ့များ ဌာနေ ပြည်သူ့စစ်အသွင်ပြောင်းခဲ့သည့် အချိန်တွင်လည်း ဒေသဖွံ့ဖြိုးရေးအတွက် ၎င်းတို့ကို မြေကွက်များ ချထားပေးခဲ့ရာ၌ လက်နက်ကိုင်အဖွဲ့ဘက်မှ ရွာသားများ

လုပ်ကိုင်နေသည့် မြေပေါ်ထွန်ယက်လာ၍ အငြင်းပွားမှု ဖြစ်ပေါ် နေခြင်းဖြစ်သည်။

အဆိုပါမြေနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်တွင်လည်း မတ်ကျန်း ဌာနေပြည်သူ့စစ်နှင့် ရွာသားများသည် နယ်မြေအငြင်းပွားမှုဖြစ် ခဲ့ပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)၏ ကြားဝင်ညှိနှိုင်းမှု ကြောင့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့၌ ရွာသားများ သည် မြေဧကပေါင်း ၂၀၀ ပြန်လည်ရရှိခဲ့သည်။

### ဖယ်ခုံတောင်သူလေးဦး၏ ယာမြေကို ဆက်မလုပ်ရန် တပ်မတော် တားမြစ်

မေလ ၃၀ ရက်နေ့တွင် တပ်မတော် ခမရ (၄၂၁)မှ ရှမ်းပြည် နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့ရှိ တောင်သူလေးဦး ထွန်ယက်စိုက်ပျိုး နေသည့် ၁၀ ဧကခန့်ရှိသော ယာမြေပေါ်တွင် ဆက်လက်ထွန် ယက်စိုက်ပျိုးခြင်းမပြုရန် မြို့နယ်အုပ်ချုပ်ရေးမှူးမှတဆင့် တား မြစ်စာပေးပို့ခဲ့သည့် အတွက် တောင်သူများ အခက်အခဲဖြစ် နေကြရသည်။ ၁၉၈၀ ပြည့်နှစ်တွင် တောင်သူများသည် အဆိုပါ ယာမြေများပေါ်၌ စတင်လုပ်ကိုင်ခဲ့ပြီး တပ်မတော်မှ ၁၉၉၁-၉၂ ဝန်းကျင်ခန့်တွင် လာရောက်အခြေစိုက် သိမ်းယူခဲ့သည်ဟု တောင်သူများမှ ပြောကြားခဲ့သည်။ တပ်မတော်မှ ထိုမြေနေရာကို မြောင်းတူး၊ ခြံစည်းရိုးကာထားပြီး တောင်သူများ ဆက်လက် စိုက်ပျိုးလုပ်ကိုင်လျှင် အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် ဖယ်ခုံတောင်သူများမှ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော် မတီထံ သိမ်းဆည်းခံထားရသော မြေဧရိယာများကို ပြန်လည်စိ စစ်ရန်နှင့် အိမ်ခြံမြေနှင့် ယာမြေများကို ခြံစည်းရိုးကာရံခြင်းမှ ရပ်ဆိုင်းပေးရန် စာတင်ခဲ့သော်လည်း ဖြေရှင်းပေးခဲ့ခြင်းမရှိဟု တောင်သူများမှ ပြောကြားခဲ့သည်။

### ဆန္ဒထုတ်ဖော်မှုများရှိသော်လည်း ကျောက်မီးသွေး တူးဖော်ရေး လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့်ပြု

ဒေသခံများမှ ဆန့်ကျင်လျှက်ရှိသော်လည်း အစိုးရမှ ရှမ်းပြည် နယ်တောင်ပိုင်း၊ မုန်းကိုင်မြို့နယ်အတွင်းရှိ ကျောက်မီးသွေးတူး

ဖော်ရေး ကုမ္ပဏီနှစ်ခုကို လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခွင့်ပြုခဲ့သည်။ ပြည့်အောင်ဟိန်း ကျောက်မီးသွေး တူးဖော်ရေး ကုမ္ပဏီနှင့် ဟိန်းမေတ္တာ ကျောက်မီးသွေးတူးဖော်ရေးကုမ္ပဏီ တို့သည် ဒေသခံများ၏ ဆန္ဒထုတ်ဖော်မှုများကြောင့် သုံးလကြာ လုပ်ငန်းများကို ခေတ္တရပ်နား ခဲ့ပြီးနောက် လုပ်ငန်းများ ပြန်လည် စတင်ရန် ခွင့်ပြုမိန့်ရရှိခဲ့ခြင်းဖြစ်သည်။ ခွင့်ပြုမိန့်တွင်းတွင် ပဋိပက္ခများကို ရှောင်ရှားရန် ကုမ္ပဏီမှ ဒေသခံများနှင့် ညှိနှိုင်းရမည်ဟု ပါဝင်သည်။

ကျောက်မီးသွေး တူးဖော်ရေး လုပ်ငန်းများကြောင့် ထင်းရှူးတောများ၊ တောင်များနှင့် လယ်ယာမြေများအပါအဝင် လယ်ယာ မြေဧက ၂၀၀၀ ခန့် ပျက်စီးသွားခဲ့သည်ဟု ၂၀၁၇ ခုနှစ်တွင် ရှမ်းသံတော်ဆင့် သတင်းဌာနမှ အစီရင်ခံ တင်ပြခဲ့သည်။ ဒေသခံ ရှမ်းတိုင်းရင်းသားများသည် ကြိမ်ဖန်များစွာ ဆန္ဒထုတ် ဖော်ခဲ့ကြပြီး ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းနှစ်ခုသည် ရပ်ဆိုင်းခဲ့ရသည်။ ၂၀၁၇ ခုနှစ်၊ မေလတွင် ရာပေါင်းများစွာသော ဒေသခံ ရှမ်းတိုင်းရင်းသားများသည် ထိုကျောက်မီးသွေးတူးဖော်ရေး ကုမ္ပဏီနှစ်ခုကို ၎င်းတို့၏ ဒေသမှ ထွက်ခွာသွား ရန် တောင်းဆိုခဲ့သည်။

**သိမ်းဆည်းခံမြေယာများ ပြန်လည် ရရှိရေးအတွက် မဲကနယ် ဒေသခံရာချီ ဆန္ဒပြ တောင်းဆို**

ဇွန်လ ၁၀ ရက်နေ့တွင် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မဲကနယ်ရွာမှ ဒေသခံ ၃၀၀ ကျော်သည် ဒေသခံရွာသားများ၏ မြေယာများကို ဖွံ့ဖြိုး ရေးစီမံကိန်းအတွက် သိမ်းဆည်းခဲ့ခြင်းကို ပြန်လည်ရရှိရန်အတွက် မဲကနယ်ရွာစခန်းကုန်းမှ ရွှေမြစန္ဒီသဗ္ဗသုခစေတီတော် ပရဝုဏ်အထိ စီတန်းလှည့်လည် ဆန္ဒပြခဲ့ကြသည်။ ရွှေမြစန္ဒီအိမ်ရာစီမံကိန်းအကြောင်းပြချက်ဖြင့် ၂၀၁၃ ခုနှစ်မှ စတင်၍ ဒေသခံရွာသားများ၏ မြေဧကပေါင်း ၃၇၁.၇၁ ဧကခန့်ကို သိမ်းဆည်းခဲ့ခြင်းဖြစ်ပြီး လတ်တလော ကောက်ခံထားသည့် စာရင်းအရ မြေယာသိမ်းဆည်းခံရသော ဒေသခံရွာသား ၁၇ ဦးရှိသည်ဟု သိရှိရသည်။

၂၀၁၅ ခုနှစ်တွင် ဒေသခံရွာသားများသည် မြေယာသိမ်းဆည်းခြင်းနှင့်ပတ်သက်၍ ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးအပါအဝင် သက်ဆိုင်ရာအစိုးရများထံသို့ နှစ်ကြိမ်တိုင်တိုင် တင်ပြခဲ့သော်လည်း ပြောင်းလဲခြင်းမရှိပါဟု ရွာသားများမှ ပြောကြားခဲ့သည်။ ထို့ပြင် NLD အစိုးရလက်ထက် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ကရင်ပြည်နယ်

ဝန်ကြီးချုပ်ထံ တင်ပြခဲ့သော်လည်း ယခုချိန်ထိ ပြောင်းလဲမှုများ မရှိသောကြောင့် ဆန္ဒထုတ်ဖော်ရခြင်းဖြစ်သည်။ မြေယာသိမ်းဆည်းခြင်းခံရသူ စောကဲဒိုမှ ၎င်းတို့သည် တခြားသူ၏ မြေယာကို လုခြင်းမဟုတ်ဘဲ ၎င်းတို့၏ ဘိုးဘွားပိုင်မြေယာကို ပြန်လည်ရယူလိုခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ယင်းဆန္ဒထုတ်ဖော်မှုကို ဦးဆောင်သူများအနက် တစ်ဦးဖြစ်သူ ဦးသောင်းလှိုင်ကို အမည်မသိလူတစ်ဦးမှ ဖုန်းဖြင့် သုံးကြိမ်တိုင် ခြိမ်းခြောက်ခဲ့သည်ဟု ဆန္ဒထုတ်ဖော်သူများမှ ပြောကြားခဲ့သည်။

**ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ရွာများ၌ နေထိုင်ကြသော လယ်သမားများ လယ်ယာမြေများ လျှောက်ထားနိုင်**

ရန်ကုန်းတိုင်းလွှတ်တော်တွင် ကျင်းပသော အစည်းအဝေး၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တချို့ရှိ လယ်သမားများနှင့် အသေးစား စိုက်ပျိုးသူများအား မြေလွတ်၊ မြေရိုင်းများကို ရရှိရန် လျှောက်ထားလျှင် ယင်းတို့သည် ၅၀ ဧကအထိ ရရှိနိုင်သည်ဟု ထုတ်ပြန်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်လတ်မှ ရေတိုက်စားမှုကြောင့် ခရမ်းမြို့နယ်အတွင်းရှိ ရွာလေးရွာ ပျက်စီးသွားခဲ့ပြီး ထိုရွာများသည် မြေနုကျွန်းများဖြစ်သွားသောကြောင့် ဒေသခံများ ၎င်းတို့၏ လယ်ယာမြေများကို ပြန်လည်ခွဲဝေရရှိရန် လိုအပ်နေသည်။ မြေလွတ်၊ မြေရိုင်းများသည် ၅၂၀၀ ဧက ရှိသောကြောင့် ယင်းမြေများပေါ်တွင် ထွန်ယက်စိုက်ပျိုးနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် မှတ္တမကမ်းရိုးတန်းတွင် လမုတောများ ပြန်လည်စိုက်ပျိုးရန်အတွက် ဧက ၂၃၀၀ ဧကကို ခွဲဝေပေးခဲ့သည်။ ထိုရွာများသည် ထွန်ယက်စိုက်ပျိုးရန် တရားဝင်ခွင့်ပြုချက်ရရှိထားခြင်းမရှိသော်လည်း လက်ရှိတွင် ၎င်းတို့သည် ထွန်ယက်စိုက်ပျိုး လျှက်ရှိသည်။

**လယ်မြေကျူးကျော်မှု ဖြေရှင်းပေးရန်နှင့် စိုက်ဘဏ်ချေးငွေရရှိရန် တောင်သူတစ်ဦး တစ်ကိုယ်တော်ဆန္ဒပြ**

ဇွန်လ ၁၈ ရက်နေ့တွင် မုံရွာမြို့၌ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကြီးကျေးရွာမှ ဦးကြည်လင်း၏သား ဖြစ်သူ ဦးဖိုးခိုမှ တစ်ကိုယ်တော်ဆန္ဒ ထုတ်ဖော်ခဲ့သည်။ ဦးကြည်လင်း ပိုင်ဆိုင်သော လယ်ယာမြေ ၂.၇၉ ဧကကို အနီးရှိ တောင်သူတစ်ဦးမှ လယ်ယာမြေကျူးကျော် လုပ်ကိုင်နေမှုကို ဖြေရှင်းပေးရန်နှင့် စိုက်ပျိုးရေးဘဏ်ချေးငွေ ရရှိရန်အတွက် ဦးဖိုးခိုမှ ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

၎င်းတွင် လယ်ယာမြေ ပုံစံ(၇)ရှိသည့်ပြင် ပုံစံ(၁၀၅)ပါရှိသည်ဟု

ဦးဖိုးခိုမှ ပြောကြားခဲ့သည်။ ထို့ပြင် ပုံစံ(၇) ချထားပေးစဉ်ကတည်းက ၎င်း၏အဖေနှင့် အမည်တူသည့်သူကို မှား၍ ချထားပေးခဲ့သည်ဟု ပြောကြားခဲ့သည်။ လယ်ယာမြေကျူးကျော်ခံရခြင်းနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်မှစတင်၍ ယခုအချိန်ထိ ကျေးရွာအုပ်စု၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီးအစိုးရ

အဖွဲ့တို့မှ တာဝန်ရှိသူများထံ အကြိမ်ကြိမ် တိုင်ကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိကြောင်း ၎င်းမှ ပြောကြားခဲ့သည်။

## တပ်သိမ်းမြေများကို ပြန်ပေးမည်မဟုတ်ကြောင်း ကာကွယ်ရေး ဒုဝန်ကြီးပြော

ဖွန်လ ၂၈ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး၌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်မှ လုံခြုံရေး သို့မဟုတ် သင်တန်းပေးရန်အတွက် ရည်ရွယ်၍ တပ်မတော်မှ သိမ်းယူခဲ့သော ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ ဟူးမွန်ကျေးရွာအုပ်စုနှင့် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်တို့ရှိ လယ်ယာဥယျာဉ်ခြံမြေများကို မူလပိုင်ရှင်ထံသို့ ပြန်လည်လွှဲပေးရန် အစီအစဉ်မရှိပါဟု ပြောကြားခဲ့သည်။ ထို့ပြင် တပ်မတော်မှ ဒေသခံများကို လျော်ကြေးပေးရန်လည်း ငြင်းဆိုခဲ့သည်။

တပ်မတော်မှ သိမ်းယူထားသော လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအုပ်စု၊ ခေးခမ်းကျေးရွာရှိ ဒေသခံတောင်သူ ၄၆ ဦး ဘိုးစဉ်ဘောင်ဆက်စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် လယ်ယာမြေ ၁၆၈ ဧကကို ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စိုင်းဝမ်းလှိုင်းခမ်း မေးမြန်းသည့် မေးခွန်းကို ကာကွယ်ရေး ဒုဝန်ကြီးမှ ပြန် လည် ဖြေကြားခဲ့ခြင်းဖြစ်သည်။

အလားတူပင် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေမှလည်း မြို့သစ်တည်ဆောက်ရန် စီမံကိန်း များအတွက် အမ်းမြို့နယ်အတွင်းရှိ လယ်ယာဥယျာဉ်ခြံမြေ ဧကပေါင်းများစွာ သိမ်းယူခြင်းခံခဲ့ရပြီး ထိုသိမ်းယူခြင်းခံထားရသော မြေများအတွက် ဒေသခံများကို ထိုက်သင့်သည့် လျော်ကြေးငွေ ပေးရန် ရှိ၊ မရှိ မေးမြန်းခဲ့သည်။ အမ်းမြို့နယ်အတွင်းတွင် လယ်ယာမြေ ၃၈၃၅ ဧက သည် သိမ်းယူခြင်းခံခဲ့ရသည်။ တပ်မတော်မှ သိမ်းယူထားသည့် ၃၈၃၅.၂၇၅ ဧက အနက်မှ ၁၉၂၁.၉၂ ဧကကို လယ်သမားများကို ပြန်လည်ပေးအပ်ရန် အစိုးရထံသို့ ပြန်လည် စွန့်လွှတ်ပေးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးမှ ပြောကြားခဲ့သည်။

လယ်သမားများသည် မည်သည့်လယ်ယာမြေပိုင်ဆိုင်မှု အထောက်အထားမျှ ပြသနိုင်ခြင်းမရှိသာကြောင့် ပြန်လည်ပေးအပ်ရန် ငြင်းဆို ခြင်းဖြစ်သည်ဟု အကြောင်းပြချက်ပေးခဲ့သည်။ ထိုမျှသာမက ပြောရေးဆိုခွင့်ရှိသူမှ ရော်ဘာစိုက်ခင်းများနှင့် ပုဖွန်ကန်များကို ကျန်သည့်

လယ်ယာမြေများပေါ်တွင် ရင်းနှီးမြှုပ်နှံခဲ့၍ လယ်ယာမြေသိမ်းဆည်းခြင်းခံရသူများကို လယ်ယာမြေ သို့မဟုတ် လျော်ကြေးများ ပြန်လည် ပေးအပ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

## နေရပ်စွန့်ခွာ ထွက်ပြေးကြရသော ဒေသခံများ၏ လယ်ယာမြေများကို ငှက်ပျောက်စိုက်ခင်းများအတွက် သိမ်းဆည်း

မြန်မာစစ်တပ်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)တို့၏ တိုက်ပွဲများကြောင့် ကချင်ဒေသခံများသည်နေရပ်စွန့်ခွာထွက်ပြေးကြရ ချိန်တွင် တရုတ်စီးပွားရေးလုပ်ငန်းရှင်များသည် တရုတ်နိုင်ငံသို့တင်ပို့ရန် တရုတ်-မြန်မာနယ်စပ်အနီးတွင် တစ်ရှူးငှက်ပျောစိုက်ခင်းများ စိုက်ပျိုးလာကြသည်။ စားဝတ်နေရေးအတွက် ဒေသခံများသည် ငှက်ပျောစိုက်ခင်းများ၌ လုပ်ခလစာအနည်းငယ်ဖြင့် အလုပ်လုပ်နေကြ ရပြီး တစ်ရှူးငှက်ပျောစိုက်ခင်းများချဲ့ထွင်လာမှုကြောင့် လယ်ယာမြေများသည် ဆုံးရှုံးလျှက်ရှိ၍ အသက်မွေးဝမ်းကြောင်းအတွက် ပို၍ ခက်ခဲလာသည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။

## ထားဝယ်တက္ကသိုလ် မြေလျော်ကြေး ကျပ်သိန်းတစ်သောင်းပေးအပ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်ရှိ ထားဝယ်တက္ကသိုလ်တည်ဆောက်ရန် ၁၉၈၈ ခုနှစ်ခန့်တွင် သိမ်းဆည်းခဲ့သော မြေဧက ၃၅၈ ခန့်အတွက် လျော်ကြေးငွေ ကျပ်သိန်းတစ်သောင်းခန့် ပေးအပ်ခဲ့ပြီး လျော်ကြေးပေးရန်အတွက် လေးဦးသာ ကျန်ရှိတော့သည်ဟု ထားဝယ်ခရိုင်အုပ်ချုပ်ရေးမှူးမှ ပြောကြားခဲ့သည်။ တစ်ဧကလျှင် ကျပ်သိန်း ၂၈ နှုန်းအပြင် သီးနှံလျော်ကြေးငွေပါ ပေးအပ်ခဲ့သည်ဟု နစ်နာကြေးနှင့် လျော်ကြေးငွေ ထုတ်ပေးရေးကော်မတီ အဖွဲ့ခေါင်းဆောင် ထားဝယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်မှ ပြောကြားခဲ့သည်။

## ကလေးတွင် လယ်လုပ်ပိုင်ခွင့် ပြန်လည်ရရှိရေး ဆန္ဒထုတ်ဖော်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အင်ဒိုင်းလေးကျေးရွာအနီးရှိ တောင်သူများ စိုက်ပျိုးလုပ်ကိုင်လျှက်ရှိသည့် လယ်ယာခင်းများကို တပ်ပိုင်မြေဟုဆိုကာ ခြံစည်းရိုးခတ်ကာရံပြီး လုပ်ကိုင်ခွင့်မပြုသည့်အပေါ် လယ်ယာလုပ်ကိုင်ခွင့် ပြန်လည်ရရှိရေးအတွက် ဖွန်လ ၃၀ ရက်နေ့တွင် ကလေးမြို့၌ ဒေသခံ ၇၀ ကျော်မှ ဆန္ဒထုတ်ဖော်ခဲ့သည်။ လယ်ယာမြေများကို သိမ်းဆည်းလိုက်လျှင် ကျေးရွာသူ၊ ကျေးရွာသားများ ဒုက္ခရောက်သွားမည်ဟု ပြောကြားခဲ့သည့်ပြင် ကျွဲ၊ နွားများအတွက် စားကျက်မြေ

ပါ ပျောက်သွားနိုင်၍ ဒေသခံများအနေဖြင့် အဆိုပါ လယ်မြေပေါ်၌ အဆင်ပြေစွာ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် ဌာနဆိုင်ရာ အသီးသီးမှ ကူညီဖြေရှင်းပေးနိုင်ရန် ဆန္ဒထုတ်ဖော်ခဲ့သည်။ ယခုနှစ်မှ စတင်၍ အင်ဒိုင်းလေးကျေးရွာအနီးရှိ ဆက်သွယ်ရေးတပ်မှ လယ်ယာနှင့် စိုက်ခင်းဧက ၂၅၅ ဒသမ ၅

ဧကကို ခြံစည်းရိုးခတ်၍ ဒေသခံများကို ဝင်ရောက်လုပ်ကိုင်ခွင့်မပြုခဲ့ပါ။

**သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ဟူးကောင်းတောင်သူများဆွေးနွေး**

ယုဇနကုမ္ပဏီ၏ မတရားမြေသိမ်းမှုကို ခံနေကြရသော ကချင်ပြည်နယ်၊ ဟူးကောင်းချိုင့်ဝှမ်းမှ ဒေသခံတောင်သူများသည် ၎င်းတို့၏ ဘိုးဘွားပိုင်လယ်ယာမြေများ တရားဝင် ပြန်လည်ရရှိရေးအတွက် ဇွန်လ ၂၂ ရက်နေ့နှင့် ဇွန်လ ၂၃ ရက်နေ့တို့တွင် အလုပ်ရုံ ဆွေးနွေးပွဲပြုလုပ်ခဲ့ကြသည်။ ဆွေးနွေးပွဲကို Stilwell Road သို့မဟုတ် လီဒိုလမ်းမကြီးတစ်လျှောက်ရှိ ကျေးရွာ ၂၅ ရွာမှ တောင်သူများ တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် တောင်သူများမှ ၎င်းတို့ဘိုးဘွားပိုင် လယ်ယာမြေများကို ပိုင်ဆိုင်ထိန်းသိမ်းခွင့်မရှိဘဲ ယုဇနကုမ္ပဏီ၏ မတရားမြေသိမ်းယူ ခံနေရခြင်းကိစ္စအပါအဝင် တခြားကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ယခင်စစ်အစိုးရ လက်ထက်ကတည်းက ၎င်းတို့၏ သိမ်းဆည်းခံထားရသော လယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ဟူးကောင်းဒေသခံ တောင်သူများသည် အစိုးရအဆက်ဆက်ထံသို့ တင်ပြတောင်းဆိုခဲ့ကြသော်လည်း ယခုအချိန်ထိရရှိခြင်း မရှိသေးပါ။

**ဒေသခံများသည် ရခိုင်ပြည်နယ်တွင် အဆိုပြုထားသော အစိုးရမြေယာသိမ်းဆည်းမှုကို ဆန့်ကျင်**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်မှ ဒေသခံ ၁၀၀ ကျော်သည် ကျောက်ဖြူအထူးစီးပွားရေးဇုန် (SEZ) အတွက် အစိုးရမှ ၎င်းတို့၏ မြေဧက ၉၀ ကို သိမ်းဆည်းထားမှုအပေါ် ကန့်ကွက်ခဲ့သည်။ ပင်လယ်ဆိပ်ကမ်းနှင့် စက်မှုဇုံ ပါဝင်မည်ဖြစ်သည့် ကျောက်ဖြူအထူး စီမံကိန်းအတွက် လယ်ယာမြေ ဧကပေါင်း ၄၀၀၀ ခန့်ကို လျာထားပြီးဖြစ်သည်။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် အမျိုးသားဒီမိုကရေအဖွဲ့ချုပ် (NLD) မှ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကော်မတီသစ်ကို ဖွဲ့စည်းခဲ့သည်။ ချောင်းဝ၊ မင်းဒင်၊ ဆိုင်ချောင်း၊ ဒိုးမတောင်နှင့် ပြတည် ရွာသားများမှ ယခုလအစောပိုင်းတွင် အစိုးရထံသို့ ကန့်ကွက်စာတင်သွင်းခဲ့သည်။

ရခိုင်ပြည်နယ်အစိုးရသည် အဆိုပါကိစ္စကို မြေစာရင်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နေသည်ဟု ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရွှေလှအောင်မှ ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းမှ လယ်ယာမြေသိမ်းဆည်းခြင်း အဆင့် ၁ တွင် မြေဧက ၂၅၀ အတွက်

လျော်ကြေးရရှိပြီးဖြစ်သော ပြည်သူ ၇၆ ဦး ပါဝင်မည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ရွာသားများသည် ချောင်းမြေများနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ မပြနိုင်သည့်အတွက် အစိုးရမှ ပိုင်သည်ဟု သတ်မှတ်ထားသည်ကို ကန့်ကွက်နေကြသည်ဟု ၎င်းမှ ထပ်မံပြောဆိုခဲ့သည်။

ဦးရွှေလှအောင်သည် ကန့်ကွက်သည့် ကြော်ငြာချက်များနှင့် ပတ်သက်၍ ငြင်းဆိုခဲ့သည်။ သို့သော်လည်း ကျောက်ဖြူမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးစံမှ ကော်မတီအဖွဲ့သစ်သည် ပွင့်လင်းမြင်သာမှု မရှိသောကြောင့် ကန့်ကွက်စာများနှင့် ပတ်သက်၍ ၎င်းသည် သိရှိခြင်းမရှိပါဟု ပြောကြားခဲ့သည်။ ထို့ပြင် ကော်မတီအဖွဲ့ဟောင်း တာဝန်ယူသည့်အချိန်တွင် အစည်းအဝေးတိုင်းတွင် ၎င်းတို့ကို အမြဲခေါ်လေ့ရှိပြီး စုစုပေါင်း ၁၇ ကြိမ် အစည်းအဝေးကို တက်ရောက်ခဲ့ဖူးသည်ဟု ထပ်မံပြောဆိုခဲ့သည်။ သို့သော်လည်း အစိုးရသစ် တာဝန်ယူသည့်အချိန်တွင် အစည်းအဝေး လေးကြိမ်သာ တက်ရောက်ခဲ့ဖူးသည်ဟု ပြောကြားခဲ့သည်။ ဒေသခံများသည် အဆိုပါ မြေယာသိမ်းဆည်းမှု ပြီးနောက်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအတွက် မြေယာများပိုမို သိမ်းဆည်းမှု ရှိလိမ့်မည်ကို စိုးရိမ်နေကြသည်။

**မြေယာအငြင်းပွားမှုကိစ္စ ကနီမှာ ရုန်းရင်းဆန်ခတ်ဖြစ်ပွား**

ဇွန်လ ၂၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ် အင်တိုင်းတောကျေးရွာတွင် အငြင်းပွားနေသော မြေကိစ္စနှင့် ပတ်သက်၍ တောင်သူများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပုဂ္ဂလိကကုမ္ပဏီအကြား ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည်။ သို့သော်လည်း ရဲတပ်ဖွဲ့ဝင်များအပါအဝင် တာဝန်ရှိသူများ ပြန်လည် ထွက်ခွာသွားသည့်အတွက် ဒေသခံများလည်း လူစုကွဲသွားခဲ့သည်။

မြေပိုင်ဆိုင်မှု အငြင်းပွားနေသည့်ကိစ္စနှင့် ပတ်သက်၍ တရားရုံး၏ ဆုံးဖြတ်ချက်အရ ကုမ္ပဏီမှ မြေပိုင်ဆိုင်ခွင့်ရရှိသွားသည့်အတွက် မြေအပ်ဂရမ်းလာပေးရာ၌ တောင်သူများမှ တားဆီးရင်း ရုန်းရင်းဆန်ခတ်ဖြစ်ခြင်းဟု ဒေသခံတောင်သူ ဦးဆန်းလွင်မှ ပြောကြားခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ကနီမြို့နယ်၊ ပေါက်အင်းတောင် သစ်တောကြိုးဝိုင်းထဲတွင် ကြက်ဆူပင်စီမံကိန်း စိုက်ပျိုးရန် မြေဧက ၃၂၀၀ တွင် နှစ် ၃၀ လုပ်ပိုင်ခွင့်ကို တင်ဝင်းထွန်း ကုမ္ပဏီမှ ရရှိခဲ့သည်။ ထိုမြေများတွင် တောင်သူ ၃၀၀ နီးပါး လုပ်ကိုင်နေသည့် မြေယာများပါဝင်ပြီး တောင်သူများအတွက် လျော်ကြေးတစ်စုံတစ်ရာ မရရှိခဲ့ပါ။ ထို့ပြင် စီမံကိန်းလုပ်ခွင့်ရရှိထားသည့် မြေပေါ်တွင် တောင်သူတချို့ကို ကုမ္ပဏီမှ မြေယာအငှားချထားသည်ဟု ဒေသခံတောင်သူများမှ ပြောကြားခဲ့သည်။ ၂၀၀၉ ခုနှစ် နောက်ပိုင်းမှစတင်၍ ကုမ္ပဏီနှင့် ဒေသခံများကြား မြေယာ

ပြဿနာ တောက်လျှောက်ဖြစ်ပွားခဲ့သည်။ ထို့ပြင် ကုမ္ပဏီမှ ပိုင်နက်ကျူးလွန်မှု၊ အကျိုးစီးပွားဖျက်ဆီးမှု၊ ခြိမ်းခြောက်မှုတို့ဖြင့် တောင်သူများကို တရားစွဲဆိုခဲ့ပြီး တောင်သူ ခုနစ်ဦးခန့် ထောင်ကျခဲ့သည်။

**သိမ်းဆည်းလယ်ယာမြေများနှင့် အခြားမြေများကို ပြန်လည်စိစစ်ရာ၌ လိုအပ်သည်ထက် အချိန်ဆွဲဖြေရှင်းခြင်းမပြုရန် သမ္မတရုံး ထုတ်ပြန်**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှုအား ပြန်လည်စိစစ်ရာ၌ လိုအပ်သည်ထက် အချိန်ဆွဲ ဖြေရှင်းခြင်းမပြုလုပ်ရန် နိုင်ငံတော် သမ္မတရုံးမှ ဇွန်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှုအား စီမံခန့်ခွဲရာတွင် လိုအပ်သည်ထက် အချိန်ဆွဲ ဖြေရှင်းခြင်းမပြုဘဲ အမြန်ဆုံး ပြီးစီးရန်အတွက် စီမံခန့်ခွဲ ဆောင်ရွက်ကြရန်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုအား ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်၏ စိစစ်တွေ့ရှိချက်၊ သဘောထားမှတ်ချက်များအပေါ် အခြေခံ၍ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်၊ စွန့်လွှတ်မြေများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မူလပိုင်ရှင်များထံ အမြန်ဆုံးအပ်နှံသွားရန်နှင့် မစွန့် လွှတ်ရသေးသည့် သိမ်းဆည်းမြေများအပေါ် ကောင်စီအဆင့်ဆင့်မှ အမြန်ဆုံး ထိထိရောက်ရောက်စိစစ်ပေးရန် ထုတ်ပြန်ခဲ့သည်။ ထို့ပြင် စွန့်လွှတ်မြေများ အပ်နှံရာတွင် အနှောင့်အယှက်ဖြစ်စေသည့်၊ စွန့်လွှတ်ပြီးမြေများအား အပ်နှံပြီးသော်လည်း ယာယီပြောင်းပေးရန် အခက်အခဲလုပ်နေသည့်၊ အသုံးချပိုင်ခွင့် အမည်ပေါက်ရရှိစေရန် အကျပ်အတည်းဖြစ်စေသည့် သက်ဆိုင်ရာ ဝန်ထမ်းများကို လိုအပ်သလို အရေးယူရန်၊ စွန့်လွှတ်မြေပေါ်၌ ကျူးကျော်ဝင်ရောက်နေမှုများအား ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ရှင်းလင်းရန်လည်း ထုတ်ပြန် ချက်၌ ဖော်ပြထားသည်။

**မန္တလေးတိုင်းအတွင်း သိမ်းဆည်းခြင်းခံထားရသော လယ်မြေကိုးထောင်ကျော်အား နှစ်မကုန်မီ ပြန်ပေးနိုင်ရန် ဆောင်ရွက်နေ**

ဇွန်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သက်တမ်း နှစ်နှစ်အတွင်း တိုးတက်ပြောင်းလဲမှုများ သတင်းစာရှင်းလင်းပွဲတွင် မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မှ မန္တလေးတိုင်းဒေသကြီးအတွင်း အကြောင်းအမျိုးမျိုးဖြင့် သိမ်းဆည်းခြင်းခံခဲ့ရသော လယ်ယာမြေဧက ၉၃၇၉ ကို ယခုနှစ် ဒီဇင်ဘာလ မကုန်မီ  ပြန်လည်ပေးအပ်နိုင်အောင် ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။ ပြန်လည်ပေးအပ်နိုင်ရေးဆောင်ရွက်ရာတွင် ပိုင်ဆိုင်ခွင့်ရှိသူများထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် သေချာသည့် စီစစ်မှုများပြုလုပ်နေရပြီး မူလမြေပိုင်ရှင်များကို မဖြစ်မနေပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ဒေါက်တာဇော်မြင့်မောင်မှ ပြောကြားခဲ့သည်။

**သိမ်းဆည်းခံလယ်မြေများ ပြန်လည်ပေးအပ်ရန်နှင့် လယ်ယာမြေဥပဒေပြင်ဆင်ပေးရန် ဆန္ဒထုတ်ဖော်**

သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ပေးအပ်ရန်နှင့် လယ်ယာမြေဥပဒေကို ပြင်ဆင်ပေးရန် ဇွန်လ ၃၀ ရက်နေ့မှ စတင်၍ ဇူလိုင်လ ၁ ရက်နေ့အထိ လယ်သမား ၁၀၀ နီးပါးနှင့် မြန်မာနိုင်ငံတောင်သူလယ်သမား သမဂ္ဂ (ဗဟို)တို့ ပူးပေါင်း၍ ကော့မှူးမြို့နယ်မှ ရန်ကုန်မြို့ မြို့တော်ခန်းမအထိ လမ်းလျှောက်ချီတက်ကာ ဆန္ဒထုတ်ဖော်ခဲ့သည်။ အစိုးရမှ ၁၈၉၄ ခုနှစ် မြေသိမ်းဥပဒေနှင့် မညီဘဲ သိမ်းဆည်းထားသည့် လယ်မြေများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရန်၊ လယ်ယာမြေ စီမံခန့်ခွဲရေး ကော်မတီအဆင့်ဆင့်ကို အရေးယူပေးနိုင်သည့် ဥပဒေ အမြန်ဆုံး ပြဋ္ဌာန်းပေးရန်၊ အကျဉ်းထောင် အသီးသီးတွင် အကျဉ်းကျခံနေရသော တောင်သူများကို အမြန်ဆုံးလွှတ်ပေးရန်စသည့် အချက်များအပါအဝင် အချက်ခုနစ်ချက်ကို ဆန္ဒထုတ်ဖော်သူများမှ တောင်းဆိုခဲ့ကြသည်။ ဆန္ဒထုတ်ဖော်ပွဲ တွင် ကော့မှူး၊ တွံတေးနဲ့ ဒလမြို့နယ်မှ  တောင်သူများ ပါဝင်ပြီး ပုဂ္ဂလိကကုမ္ပဏီများ၊ တပ်မတော်နှင့် အစိုးရဌာန ဆိုင်ရာများမှ လယ်ယာမြေများ သိမ်းဆည်းထားခြင်းကြောင့် ထိခိုက်နစ်နာသူများပါဝင်သည်။

# အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

## ဖမ်းဆီးခံရခြင်းများ

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးကို ဝေဖန်သူ ဖမ်းဆီးခြင်းခံရ**

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ မဇ္ဈိမ/မြန်မာ

## တရားစွဲဆိုခံရခြင်းများ

**အမှုဖွင့် တရားစွဲဆိုခြင်းခံရသော ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အာမခံရ**

၂၀၁၈ ခုနှစ်၊ ဇွန်လ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**ပြည်မြို့နယ်တရားသူကြီးအမည်တပ်၍ ကြွေးကြော်ဆန္ဒပြသူ အမှုဖွင့်ခံရ**

၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၆ ရက်၊ 7 Day Daily/မြန်မာ

**စစ်ပွဲရှောင်ပြည်သူများအတွက် ဦးဆောင်အလှူခံသူ လေးဦး ဒေသန္တရ ပုဒ်မဖြင့် တရားစွဲဆိုခံရ**

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ အီလဲဗင်း/မြန်မာ

**ပုသိမ်ကြီးမြို့နယ်မှ ဆန္ဒပြအမျိုးသမီး ငါးဦးကို နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ဖမ်းဆီး တရားစွဲဆို**

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ The Voice/မြန်မာ

## ထိန်းသိမ်းခံရခြင်းများ

**Myanmar Now သတင်းထောက်သုံးဦး ခေတ္တထိန်းသိမ်းခြင်းခံရ**

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ Frontier Myanmar
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၃ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၅ ရက်၊ ဧရာဝတီ

## တရားရင်ဆိုင်ရခြင်းများ

**ရိုက်တာသတင်းထောက်နှစ်ဦး ဆက်လက် တရားရင်ဆိုင်**

၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ ဗွီအိုအေ/မြန်မာ

**ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို ရုံးပြောင်းစစ်ဆေးရန် ဆုံးဖြတ်**

၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**ကချင် ဆန္ဒပြခေါင်းဆောင် သုံးဦး ဆက်လက်တရားရင်ဆိုင်**

၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ BNI
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ BNI/မြန်မာ

**ဒေါက်တာအေးမောင်နှင့် ကိုဝေဟင်အောင်တို့၏ အမှုကို စစ်တွေခရိုင် တရားရုံးတွင် စစ်ဆေးရန် ဆုံးဖြတ်**

၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**စစ်ပွဲရပ်တန့်ရေးဆုတောင်းသူ နှစ်ဦး၏အမှုကို အပြီးသတ်အမိန့်ချရန် ထပ်မံရက်ချိန်း**

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဧရာဝတီ/မြန်မာ

## ထောင်ဒဏ်ချမှတ်ခံရခြင်းများ

ရခိုင်ပြည်နယ် ကျောင်းဆရာမတစ်ဦး ပြစ်ဒဏ်ချမှတ်ခံရ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်၊ Coconuts
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ Progressive Voice

ပြင်ဦးလွင်တရားရုံးမှ ဒေသခံတောင်သူ ၁၀ ဦးအနက် ခုနစ်ဦးအား အမှုမှ တရားရှင်လွှတ်ပေးခဲ့ပြီး ကျန်သုံးဦးကို စွဲချက်တင် အမိန့်ချ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၇ ရက်၊ Eleven/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်၊ Eleven/မြန်မာ

မြစ်ကြီးနားမြို့နယ် တရားရုံးမှ ဆုတောင်းပွဲဦးဆောင်သူတစ်ဦးကို ဒဏ်ငွေချမှတ်
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ မဇ္ဈိမ/မြန်မာ

မတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူးကို ဖြုတ်ချပေးရန် ဆန္ဒပြသည့် တက်ကြွလှုပ်ရှားသူသုံးဦးကို ထောင်ဒဏ်ချမှတ်
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်၊ အီလဲဗဲင်း/မြန်မာ

## ထောင်တွင်းအခြေအနေများ

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ အကျဉ်းသားများအနက် ထက်ဝက်ခန့် စာမေးပွဲအောင်မြင်
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်၊ မြန်မာတိုင်းမ်
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်၊ မြန်မာတိုင်းမ်

မူးယစ်ဆေးဝါးမှုကြောင့် ထောင်တွင်းအကျဉ်းသား မဆန့်ဖြစ်နေဟု မွန်ဝန်ကြီးချုပ်ပြောကြား
၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်၊ BNI
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ ဒီဗွီဘီ/မြန်မာ

အင်းစိန်ထောင်ဝင်စာအခန်းကို ICRC မှ ပြင်ဆင်မည်
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ ဧရာဝတီ/မြန်မာ

မြစ်ကြီးနားအကျဉ်းထောင်တွင် ဆေးခန်းတစ်ခုဆောက်လုပ်ပြီးစီး
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်၊ မြန်မာတိုင်မ်း

မာန်အောင်မြို့မှ ပြစ်ဒဏ်ချမှတ်ခံထားရသော တောင်သူ နှစ်ဦး၏ အယူခံကို ပယ်ချ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ BNI/မြန်မာ

မိတ္ထီလာအကျဉ်းထောင်သို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်ရေး ကော်မရှင်အဖွဲ့ ပထမဆုံးအကြိမ် လာရောက်စစ်ဆေး
၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်၊ Eleven/မြန်မာ

## နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

စစ်ပွဲဆန့်ကျင်ရေးလှုပ်ရှားမှုတွင် အရပ်ဝတ် ရဲအရာရှိများမှ သတင်းသမားများကို ခြိမ်းခြောက်၊ ရိုက်နက်ခြင်းများရှိ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်၊ မြန်မာတိုင်းမ်

တက္ကသိုလ်နယ်မြေတွင် နိုင်ငံရေးမဟောပြောခြင်းမပြုလုပ်ရန် ပိတ်ပင်သည့်ညွှန်ကြားချက်ကို ပြန်လည်ပယ်ဖျက်
၂၀၁၈ ခုနှစ်၊ ဇွန်လ ၃ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်၊ မြန်မာတိုင်းမ်

အကျဉ်းဦးစီးဌာနမှ အမျိုးသမီး ကျောက်ထုတ်စခန်းများကို ပိတ်သိမ်းရန် အစီအစဉ်မရှိဟု ပြောကြား
၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်၊ BNI
၂၀၁၈ ခုနှစ်၊ ဇွန်လ ၇ ရက်၊ BNI/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်၊ မြန်မာတိုင်းမ်
၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်၊ BNI

နမ္မတီးတွင် ကချင်အမျိုးသားနှစ်ဦး ပျောက်ဆုံးနေခြင်း တစ်လကျော်လာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်၊ BNI/မြန်မာ

ကချင်ပြည်နယ်တွင်း တစ်ကျော့ပြန်စစ်ပွဲဖြစ်ပွားခြင်း ခုနစ်နှစ်ပြည့် အခမ်းအနားကျင်းပခွင့် ပိတ်ပင် တားမြစ်
၂၀၁၈ ခုနှစ်၊ ဇွန်လ ၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ မြန်မာတိုင်းမ်

ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်ဖြည့်စွက်ပြီးသော်လည်း အသရေဖျက်မှုများ ဆက်လက် ဖြစ်ပွားလျက်ရှိ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ မြန်မာတိုင်းမ်

၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ ဧရာဝတီ

ကျောက်မဲမြို့နယ်တွင် လက်နက်ကိုင်များ ပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦးဒဏ်ရာရ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ မြန်မာတိုင်းမ်/မြန်မာ

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကချင်ပြည်နယ်ရှိ အကျဉ်းထောင်များကို ကြည့်ရှုစစ်ဆေး
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ မြန်မာတိုင်းမ်

ရခိုင်ပြည်နယ်တွင် စစ်တပ်မှ ရွာသားတစ်ဦးကို ပစ်ခတ်
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ ဧရာဝတီ

ရန်ကုန်တက္ကသိုလ်တွင် ကျင်းပမည့် 'ကျောင်းသားနှင့်နိုင်ငံရေး' ဆွေးနွေးပွဲ ခွင့်ပြုချက်မရရှိ၍ ရွှေ့ဆိုင်း
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ 7 Day Daily/မြန်မာ

ကွတ်ခိုင်တွင် လက်နက်ကြီး ကျည်ထိ၍ ခုနစ်ဦး ဒဏ်ရာရရှိပြီး တစ်ဦးသေဆုံး
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဧရာဝတီ/မြန်မာ

တာမွေတွင် စစ်ပွဲများရပ်တန့်ရန် ဆန္ဒထုတ်ဖော်သူများနှင့် တန်ပြန်ဆန္ဒထုတ်ဖော်သူများကို တာဝန်ရှိသူများမှ တားဆီးခြင်းများ မပြုလုပ်ခဲ့ဟု MNHRC ထုတ်ပြန်
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ အီလဲဗင်း/မြန်မာ

ရခိုင်ပြည်နယ်တွင် စစ်တပ်မှ ကလေးတစ်ဦးကို ပစ်ခတ်
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ မဇ္ဈိမ

ကချင်ဆရာမ နှစ်ဦး အသတ်ခံရမှု KIA လက်ချက်ဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြား
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ ဧရာဝတီ

## လယ်ယာမြေအငြင်းပွားမှုများ

မြိုင်ကလေး ဘိလပ်မြေစက်ရုံ သိမ်းဆည်းပိုလျှံမြေ ပြန်စွန့်လွှတ်ရာ၌ မူလပိုင်ရှင်များ မရရှိ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်၊ ဒီဗွီဘီ/မြန်မာ

ကျောက်မဲတွင် တပ်သိမ်းမြေကြောင့် ဒေသခံတောင်သူများ အခက်တွေ့
၂၀၁၈ ခုနှစ်၊ ဇွန်လ ၃ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၇ ရက်၊ ဒီဗွီဘီ/မြန်မာ

မတ်ကျန်းဗျာနေပြည်သူ့စစ်နှင့် အငြင်းပွားနေသည့် မြေယာ ၁၂၅ ဧက ပြန်လည်ရရှိ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်၊ ဒီဗွီဘီ/မြန်မာ

ဖယ်ခုံတောင်သူလေးဦး၏ ယာမြေကို ဆက်မလုပ်ရန် တပ်မတော် တားမြစ်
၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်၊ ဒီဗွီဘီ/မြန်မာ

ဆန္ဒထုတ်ဖော်မှုများရှိသော်လည်း ကျောက်မီးသွေး တူးဖော်ရေး လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့်ပြု
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ ဧရာဝတီ

သိမ်းဆည်းခံမြေယာများ ပြန်လည် ရရှိရေးအတွက် မဲကနယ် ဒေသခံရာချီ ဆန္ဒပြ တောင်းဆို
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ BNI/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်၊ BNI

ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ရွာများ၌ နေထိုင်ကြသော လယ်သမားများ လယ်ယာမြေများ လျှောက်ထားနိုင်
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၅ ရက်၊ မြန်မာတိုင်းမ်

လယ်မြေကျူးကျော်မှု ဖြေရှင်းပေးရန်နှင့် စိုက်ဘဏ်ချေးငွေရရှိရန် တောင်သူတစ်ဦး တစ်ကိုယ်တော်ဆန္ဒပြ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်၊ 7 Day Daily/မြန်မာ

တပ်သိမ်းမြေများကို ပြန်ပေးမည်မဟုတ်ကြောင်း ကာကွယ်ရေး ဒုဝန်ကြီးပြော
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ ဧရာဝတီ/မြန်မာ

နေရပ်စွန့်ခွာ ထွက်ပြေးကြရသော ဒေသခံများ၏ လယ်ယာမြေများကို ငှက်ပျောစိုက်ခင်းများအတွက် သိမ်းဆည်း
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ မြန်မာတိုင်းမ်

ထားဝယ်တက္ကသိုလ် မြေလျော်ကြေး ကျပ်သိန်းတစ်သောင်း ပေးအပ်
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

ကလေးတွင် လယ်လုပ်ပိုင်ခွင့် ပြန်လည်ရရှိရေး ဆန္ဒထုတ်ဖော်
[၂၀၁၈ ခုနှစ်၊ ဖွန်လ ၂၅ ရက်၊ The Voice/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဖွန်လ ၃၀ ရက်၊ မဇ္ဈိမ/မြန်မာ](#)

သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ဟူး ကောင်းတောင်သူများဆွေးနွေး
[၂၀၁၈ ခုနှစ်၊ ဖွန်လ ၂၆ ရက်၊ BNI/မြန်မာ](#)

ဒေသခံများသည် ရခိုင်ပြည်နယ်တွင် အဆိုပြုထားသော အစိုးရ မြေယာသိမ်းဆည်းမှုကို ဆန့်ကျင်
[၂၀၁၈ ခုနှစ်၊ ဖွန်လ ၂၆ ရက်၊ မြန်မာတိုင်းမ်](#)

မြေယာအငြင်းပွားမှုကိစ္စ ကနီမှာ ရှုန်းရင်းဆန်ခတ်ဖြစ်ပွား
[၂၀၁၈ ခုနှစ်၊ ဖွန်လ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/ မြန်မာ](#)

သိမ်းဆည်းလယ်ယာမြေများနှင့် အခြားမြေများကို ပြန်လည် စိစစ် ရာ၌ လိုအပ်သည်ထက် အချိန်ဆွဲဖြေရှင်းခြင်းမပြုရန် သမ္မတရုံး ထုတ်ပြန်
[၂၀၁၈ ခုနှစ်၊ ဖွန်လ ၂၉ ရက်၊ မြန်မာတိုင်းမ်၊ မြန်မာ](#)

မန္တလေးတိုင်းအတွင်း သိမ်းဆည်းခြင်းခံထားရသော လယ်မြေကိုး ထောင်ကျော်အား နှစ်မကုန်မီ ပြန်ပေးနိုင်ရန် ဆောင်ရွက်နေ
[၂၀၁၈ ခုနှစ်၊ ဖွန်လ ၂၉ ရက်၊ မဇ္ဈိမ/မြန်မာ](#)

သိမ်းဆည်းခံလယ်မြေများ ပြန်လည်ပေးအပ်ရန်နှင့် လယ်ယာမြေ ဥပဒေပြင်ဆင်ပေးရန် ဆန္ဒထုတ်ဖော်
[၂၀၁၈ ခုနှစ်၊ ဖွန်လ ၃၀ ရက်၊ လွတ်လပ်သော အာရှအသံ/ မြန်မာ](#)

ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂ ၈၇၈ ၇၅၁
ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၆၆(၀) ၈၁၉ ၆၂၈ ၇၁၃
အောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈ ၁၁၇ ၃၄၈